မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၆၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ညင်သာစွာအသွင်ကူးပြောင်းရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူအားလုံး လက်တွဲညီညီဆောင်ရွက်ရမည့် ကိုယ်ပိုင်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဖြစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈) စတုတ္ထနေ့တွင် သြဝါဒစကား မြွက်ကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) စတုတ္ထနေ့(ယနေ့)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသောသြဝါဒစကား အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

မောင်တို့မယ်တို့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးမှာ ကိုယ်စားလှယ်များအဖြစ် တက်ရောက်လာကြတဲ့ မောင်တို့မယ်တို့ အပါအဝင် အသင်းဝင်အားလုံးကို ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

အမြဲရှင်သန်

ဒီအသင်းကြီးဟာ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်ရှိတဲ့ လူငယ်လူရွယ်တွေကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ အမျိုးသားရေးအင်အားစုကြီးဖြစ်တယ်။ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးမှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံမကဘဲ ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်စေဖို့ စည်းရုံးရေးနည်းလမ်းအားဖြင့် အထောက်အကူပြုနိုင်ရေးဟာ အသင်းကြီးရဲ့ အဓိကတာဝန်ဖြစ်တယ်။ အသင်းကြီးရဲ့ ရည်မှန်းချက်များဟာ အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ထားတဲ့ ဖြူစင်ရိုးစင်းတဲ့ မျှော်မှန်းချက်များသာဖြစ်တဲ့အတွက် အမြဲရှင်သန်လျက်ရှိတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို နိုဝင်ဘာ ၂၄ ရက်မှစတင်၍ နေပြည်တော် ရွာတော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ရွာတော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားသည်။

ကြိုဆို

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) ကျင်းပရာ နေပြည်တော် ရွာတော်ရှိ အစည်းအဝေးခန်းမသို့ ရောက်ရှိလာရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၁၁ ကော်လံ ၁ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်)

ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး ပြည်သူများ ကျန်းမာရေးအသိရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် ကမ္ဘာ့ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ၂၅ရက်က ကျင်းပခဲ့သည်။

နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးမူဝါဒ၌ "နိုင်ငံတော်အတွင်း ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ကာကွယ်ကုသရေး လုပ်ငန်းများကို ကြိုတင်စဉ်းစားထားရန်"ဟူသည့် မူဝါဒတစ်ရပ် ပါရှိသည်။

ယင်းမူဝါဒနှင့်အညီ နိုင်ငံတော်တွင် လာမည့်နှစ်အနည်းငယ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားကျန်းမာရေးစီမံကိန်း(၁၉၉၃-၁၉၉၆)မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေး၊ လူတိုင်း ရောဂါဘယ ကင်းရှင်းရေးတို့နှင့်အညီ ပြည်သူအတွင်း ဖြစ်ပေါ်လာနိုင်သည့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူ ၂၄၆သန်းရှိပြီး ယင်းရောဂါကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်းမရှိပါက လာမည့်နှစ်၂၀အတွင်း လူသန်းပေါင်း ၃၈၀အထိ တိုးပွားဖြစ်ပေါ်လာနိုင် ပေသည်။

၂၀၀၈ခုနှစ်၏ ဆောင်ပုဒ်မှာ "ဆီးချိုရောဂါကာကွယ်မှု ငယ်စဉ်ကပင် သတိပြု"ဟု သတ်မှတ်ထားရာ ဆီးချိုသွေးချိုရောဂါလက္ခဏာများကို ကလေးနှင့် ဆယ်ကျော်သက်အရွယ်များတွင် သတိပြုလာစေရေး လေ့ကျင့်ပေးရန် လိုအပ်သည်။ ဆီးချိုသွေးချိုရောဂါရှိသော ကလေးများတွင် နောက်ဆက်တွဲ ဆင့်ပွားရောဂါများဖြစ်ပွားမှုကို လျှော့ချစေရန် လူငယ်ဘဝကစပြီး ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုပုံစံဖြင့် နေထိုင်တတ်ရန် လေ့ကျင့်ပေးသွားရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက်အောင်မြင်ပြီး ဆီးချိုသွေးချိုရောဂါကြောင့် ကျန်းမာရေး ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးလျော့နည်းစေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဆီးချိုသွေးချိုရောဂါရှင်များသာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကပါ ကျန်းမာရေးအသိရှိရှိဖြင့် ပူးပေါင်းပါဝင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နတ်မောက် အထက(တန်းမြင့်ကျောင်း) မြတ်ဆရာ ပူဇော်ကန်တော့မည်

နတ်မောက် နိုဝင်ဘာ ၂၈

မကွေးတိုင်း နတ်မောက်မြို့ အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာ ဆရာမများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ယခုနှစ် ဒီဇင်ဘာ၂၅ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသားဟောင်းများ ပူဇော်ကန်တော့ကြရန်နှင့် ပစ္စည်းနှင့် အလှူငွေများကို နတ်မောက်မြို့တွင် ကိုမျိုးခိုင် ဖုန်း-၀၆၃-၆၉၁၂၆၊ ကိုမင်းမင်းဦး ဖုန်း-၀၆၃-၆၉၄၄၉၊ ကိုဇော်မိုးထွန်း ဖုန်း-၀၆၃-၆၉၀၄၆၊ ကိုကျော်မျိုးတင့် (နတ်မောက်ဘူတာရုံပိုင်)၊ ကိုမောင်မောင်ထွေး ဖုန်း-၀၆၃-၆၉၀၇၄၊ မဆွေဆွေမြင့် ဖုန်း-၀၆၃-၆၉၃၂၇၊ မရီရီအောင် ဖုန်း-၀၆၃-၆၉၂၈၂၊ မအိအိထွေး ဖုန်း-၀၆၃-၆၉၁၉၄၊ ရန်ကုန်မြို့တွင် ဦးခိုင်ထွေး ဖုန်း-၀၉-၈၀-၂၂၁၈၃၊ ဦးတင်မောင်အေး ဖုန်း-၀၉-၅၁-၉၅၉၅၆၊ ကိုအောင်ထွန်းလင်း ဖုန်း-၀၉-၅၀-၁၁၂၃၇၊ မခင်မြတ်သူ ဖုန်း-၀၉-၅၀-၅၄၅၃၄၊ မစိုးစိုးမိုး ဖုန်း-၀၉-၅၃-၄၀၂၂၇၊ မခိုင်ခိုင်စိုး ဖုန်း-၀၉-၅၁-၂၁၃၉၇၊ ကိုအောင်ကျော်ဆက် ဖုန်း-၀၉-၅၀-၆၂၉၂၃ နှင့် မကွေးမြို့တွင် မမိမိကျော် ဖုန်း-၀၉-၅၃-၄၂၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(ပညာရေး)

မြဝတီရုပ်မြင်သံကြား

၂၉-၁၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၁)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ပန်းရောင်** (လူမင်း၊ သက်မွန်မြင့်)
- ၁၄:၅၅ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၂၇)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၁၈) (ဇာတ်သိမ်းပိုင်း)

ကျောက်တံခါးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကပျမ်းမျှ ၁၀၃ဒသမ၃၇တင်း ထွက်ရှိ

ကျောက်တံခါး နိုဝင်ဘာ ၂၈

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများ၏ ၂၀၀၈ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၄ရက် နံနက်က ပဲနွယ်ကုန်းရွာမ အုပ်စု ကွင်းအမှတ်(၂/က)၊ ဦးပိုင်အမှတ်(၁၃/၁)၊မြေကွက်အမှတ်(၂၁၂)ရှိ တောင်သူ ဒေါ်တင်မြ၏ မော်ဘီ-၅ စပါးစိုက်ခင်း အတွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ပဲခူး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စပါးစိုက် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး မော်ဘီ-၅စံကွက်ကို ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှ ၁၀၃ဒသမ၃၇တင်းထွက်ရှိသည်။**(အပေါ်ပုံ)** စံကွက်ရိတ်သိမ်းအပြီးတွင် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်အောင်က နွေစပါးနှင့်ဆောင်းသီးနှံ ပဲစိုက်ခင်းဧကများတွင် နေကြာသီးညှပ် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို တောင်သူများနှင့်တွေ့ဆုံ ဆွေးနွေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာ ဆေးပေးခန်းသစ် ခန္တီးခရိုင် လဟယ်မြို့နယ်၌ဖွင့်

လဟယ် နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ် မြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ဟွေထိုက်ကျေးရွာ၌ ကျေးရွာ ဆေးပေးခန်း သစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက် ၉နာရီက အဆိုပါကျေးရွာဆေးပေးခန်း အဆောက်အအုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအိုက်နွယ်လိုင်ပူနှင့် မြို့နယ်ကျန်းမာရေးဦးစီး ဌာန ကျန်းမာရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးရွာဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အတွင်း ရေးမှူး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၀/၂၀၀၈)ဖွင့်ပွဲကို နိုဝင်ဘာ၂၄ရက် နံနက်၈နာရီက မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

သင်တန်းတွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေး ပို့ချမည်ဖြစ်ပြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၈ရက်အထိ ငါးရက်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ကြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်လျက် ရှိသော ဇော မိ ကုန်း ရပ်ကွက် အာဂမလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၃ ရက်က လက်ထောက် အင် ဂျင် နီ ယာ ဦးဝင်းနိုင် ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

၂၀၁၀ပြည့်နှစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အပါအဝင် ကျန်ရှိသည့်အဆင့်တွေကိုလည်း အကောင်အထည်ဖော်ရန်စီမံထား

● ရွှေဖိုးမှ

အသင်းကြီးရဲ့ (၁၅)နှစ်တာသက်တမ်းကာလအတွင်း အသင်းဝင်တွေဟာ ဒို့ရဲ့ အဓိကရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ တိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်တွေမှာ ပြည်သူများနဲ့ ပူးပေါင်းလက်တွဲပြီး ကျရာကဏ္ဍက တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြတယ်။ ပြည်သူများရဲ့ ထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့ပြီး အသင်းဝင်အင်အားဟာလည်း ၂၄ဒသမ၆သန်းအထိ တိုးလာခဲ့တယ်။ အသင်းဝင်များရဲ့ အရည်အချင်းနဲ့ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးမှုများကိုလည်း တွေ့ရတယ်။ အသင်းကြီးရဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးမှာ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှု၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ ပါဝင်ဆောင်ရွက်ရင်းစည်းရုံးနိုင်စွမ်းရှိမှု၊ အရည်အချင်းပြည့်ဝသော အရေအတွက်များ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင် နိုင်စွမ်းရှိမှုများအတွက် ဂုဏ်ပြုရမှာဖြစ်တယ်။

မောင်တို့မယ်တို့-

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပေါ်ပြောင်းလဲခဲ့မှုများရဲ့ ကောင်းမွေဆိုးမွေတွေကို ပစ်ပယ်လို့မရဘဲ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အရှိတရားအရ မှန်ကန်တဲ့အသိတရား၊ နိုင်ငံနဲ့လူမျိုးအပေါ် စောင့်သိအပ်တဲ့ သစ္စာတရားတို့နဲ့ လက်တွေ့အကောင်အထည်ဖော်ကြရတာ ဖြစ်တယ်။

ချမှတ်ထားတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဟာ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းရေးအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သလို နိုင်ငံတော်နဲ့ ပြည်သူအားလုံး လက်တွဲညီညီ ဆောင်ရွက်သွားရမည့် ကိုယ်ပိုင်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အဆင့်ဆင့်လည်းဖြစ်တယ်။

ဒီနိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြိုးပမ်းအကောင်အထည်ဖော်ရာမှာ တိုင်းရင်းသားပြည်သူများရဲ့ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်တဲ့ အမျိုးသားညီလာခံကြီးပျက်စီးရာ ပျက်စီးကြောင်းအတွက် အဖျက်အမှောင့်လုပ်ရပ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသလို အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်တဲ့နောက်ပိုင်းမှာလည်း အမျိုးသားညီလာခံကြီးက စုံညီစွာ ဆုံးဖြတ်ချမှတ်ထားတဲ့မူများနဲ့ရေးဆွဲပေါ်ထွက်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်မပြုရေးအတွက် ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်တွေက အနှောင့်အယှက်မျိုးစုံပေးခဲ့ကြတယ်။ ဒီလိုအခက်အခဲ အနှောင့်အယှက်တွေကြားက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ တစ်နိုင်ငံလုံး မဲပေးခွင့် ရှိသူပေါင်း ၂၇သန်း ၂သိန်း ၈ သောင်းကျော်ရှိ သည့်အနက် ၂၆သန်း ၇သိန်း ၇သောင်းကျော် လာရောက်ဆန္ဒမဲပေးခဲ့ပြီး ၂၄သန်း ၇သိန်း ၆သောင်းကျော်တို့က ထောက်ခံဆန္ဒမဲပေးကြတဲ့အတွက် လာရောက်ဆန္ဒမဲပေးသူ ပြည်သူများရဲ့ ၉၂ဒသမ၄၈ရာခိုင်နှုန်းရဲ့ထောက်ခံမှုနဲ့ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်တယ်။ အနာဂတ် နိုင်ငံတော်သစ်အတွက် ပြည်သူတွေရဲ့ သဘောထားကို ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ပြသလိုက်ခြင်းပဲ ဖြစ်တယ်။

မောင်တို့မယ်တို့-

ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အဓိက အရေးပါဆုံးအဆင့်ကို ပြည်သူများရဲ့ ထောက်ခံမှုစွမ်းအား၊ ဒို့အသင်းဝင်များရဲ့ စည်းရုံးမှုစွမ်းအား၊ နိုင်ငံတော်ကာကွယ်ရေးနဲ့ ပြည်သူအကျိုးပြုလုပ်ငန်းတွေကို ထာဝစဉ်သယ်ပိုးနိုင်တဲ့ ဒို့တပ်မတော်ရဲ့စွမ်းအားတွေရဲ့အပေါင်းအစုကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်တယ်။ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ထူးခြားအရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်တယ်။ ၂၀၁၀ပြည့်နှစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အပါအဝင် ကျန်ရှိတဲ့အဆင့်တွေကိုလည်း ဆက်လက်အကောင်အထည်ဖော်ရန် စီမံထားပြီးဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့အနာဂတ်ဖွံ့စည်းမှုဟာ သေချာရေရာခိုင်မာပြီဖြစ်တယ်။

မောင်တို့မယ်တို့-

ဒီလို တိုင်းပြု ပြည်ပြု လုပ်ငန်းစဉ်ကြီးကို ကြိုးစားပမ်းစား အကောင်အထည်ဖော်နေချိန်မှာ သဘာဝမုန်တိုင်းဘေးအန္တရာယ်ကို မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရတာ ဖြစ်တယ်။ ပြည်သူနှစ်သန်းကျော် မှီတင်းနေထိုင်တဲ့ ဧရာဝတီတိုင်း တောင်ပိုင်းဒေသနဲ့ ရန်ကုန်တိုင်း တောင်ပိုင်းဒေသတွေမှာ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့တယ်။ အဆောက်အအုံအားလုံးနီးပါး ထိခိုက်ပျက်စီးခဲ့ရပြီး လှေသင်္ဘောများလည်း နစ်မြုပ်ဆုံးရှုံးခဲ့ကြတယ်။ သောက်သုံးရေအတွက် တူးဖော်ထားတဲ့ရေတွင်း၊ ရေကန်များနဲ့စိုက်ပျိုးမြေများ ပင်လယ်ရေငန် လွှမ်းမိုးထိခိုက်ခဲ့ရတယ်။ ပြည်သူ တစ်သိန်းကျော်နဲ့ အိမ်မွေးတိရစ္ဆာန်အမြောက်အမြား သေဆုံးခဲ့ကြတယ်။ ဒေသခံပြည်သူများရဲ့ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားထုတ်လုပ်ရေး လုပ်ငန်းတွေလည်း ပြင်းထန်တဲ့လေဒဏ်၊ လှိုင်းဒဏ်များကြောင့် ဆုံးရှုံးပျက်စီးမှုများနဲ့ ကြုံတွေ့ခဲ့ရတယ်။

မုန်တိုင်းသင့်ဒေသများမှာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အပိုင်းက တုံ့ဆိုင်းမှုမရှိ ထိထိရောက်ရောက် ချက်ချင်းအရေးယူဆောင်ရွက်ခဲ့တယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို အချိန်ပြည့်တာဝန်ယူဆောင်ရွက်စေခဲ့တယ်။ အဖွဲ့အစည်းအလိုက်ရော၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများကို တစ်ဦးချင်း အလိုက်ပါ တာဝန်များပေးပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ရဲ့ ပေါင်းစု ညီညွတ်တဲ့စွမ်းအားများနဲ့ မနားမနေဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။

ဒို့အသင်းဝင်များဟာ မုန်တိုင်းစဲစကာလမှာပဲ မုန်တိုင်းသင့်ဒေသတွေမှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြတယ်။ ပင်လယ်နဲ့အလှမ်းကွာဝေးလှတဲ့ နိုင်ငံတော်မြောက်ဖျား၊ အရှေ့ဖျားတွေက အသင်းဝင်တွေဟာ ပင်လယ်ပိုင်းဒေသတွေက မုန်တိုင်းဒဏ်ခံရတဲ့ ကျေးရွာတွေအထိ ကွင်းဆင်းကူညီပေးခဲ့ခြင်းဟာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ဆွေမျိုးရင်းချာစိတ်ဓာတ်၊ ကိုယ်ချင်းစာနာတဲ့စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းတဲ့ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို ပြဆိုခြင်းပဲဖြစ်တယ်။

မောင်တို့မယ်တို့-

နာဂစ်မုန်တိုင်းရဲ့ ပြင်းထန်ခါးသီးတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ပြန်လည်တုံ့ပြန်ရာမှာ နိုင်ငံတော်ရဲ့ မှန်ကန်မြန်ဆန်တဲ့ ဦးဆောင်မှု၊ပြည်သူတစ်ရပ်လုံးနဲ့ တပ်မတော်သား အပေါင်းက စာနာစိတ်အပြည့်နဲ့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှု၊ လေဘေးသင့် ပြည်သူများရဲ့ မိမိဒေသများကို ပြန်လည်ထူထောင်ရန် ပြင်းပြတဲ့ ဆန္ဒတွေကြောင့် အချိန်တိုအတွင်းမှာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်တယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနဲ့ ကမ္ဘာ့ဒေသအသီးသီးက စေတနာရှင် လူမှုရေးအသင်းအဖွဲ့များရဲ့ စာနာထောက်ထားမှု၊ အားပေးကူညီမှုတွေဟာလည်း အထောက်အကူ ရရှိစေခဲ့တယ်။

မုန်တိုင်းဒဏ်ကြောင့် ရွာလုံးကျွတ် အိုးအိမ်ဆုံးရှုံးခဲ့ရသူတွေအတွက် အိုးသစ်အိမ်သစ် ၆၂၄၂လုံးကို ဒေသအလိုက် အကွက်ချတည်ဆောက်ပေးခဲ့ပြီး ဆက်လက်ဆောင်ရွက်နေဆဲဖြစ်တယ်။ မုန်တိုင်းသင့် နယ်မြေတွေမှာ တည်ဆောက်ထားတဲ့ ရေငန်တားတမံ ၄၁ခု၊ စုစုပေါင်း အရှည် ၆၇၄မိုင်ကို ချက်ချင်းစစ်ဆေးပြီး ချွတ်ယွင်းပျက်စီးမှုတွေကို စိုက်ပျိုးရာသီအမီ ယာယီပြင်ဆင်ပေးနိုင်ခဲ့တယ်။ ထွန်ယက်ရေးအတွက် နိုင်ငံတော်နဲ့ စေတနာရှင်များက လက်တွန်းထွန်စက်ပေါင်း ၈၂၁၁စီးနဲ့ ခိုင်းကျွဲ၊ ခိုင်းနွားပေါင်း ၃၇၇၅ကောင် ဖြန့်ဝေပေးခဲ့တယ်။ စက်သုံးဆီနဲ့ ထွန်စက်မောင်းသူတွေကအစ စီစဉ်ပေးခဲ့တယ်။ ဒေသနဲ့ကိုက်ညီတဲ့ မျိုးစပါးတင်းပေါင်း ၁၄သိန်း နှစ်သောင်းကျော်ကို ရှာဖွေဖြန့်ဝေပေးနိုင်ခဲ့တယ်။ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရတဲ့ စိုက်ပျိုးမြေအားလုံးနီးပါး ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်တယ်။ ရေလုပ်ငန်းအတွက် လှေပေါင်းအစင်း ၉၆၂၀နဲ့ ငါးဖမ်းပိုက်တွေ ဖြန့်ဝေပေးခဲ့ပြီး ပြန်လည်ထူထောင်ပေးခဲ့တယ်။ မကြာခင် ထုတ်လုပ်ဖို့အချိန် ကျရောက်လာတော့မည့် ဆားလုပ်ငန်းအတွက်လည်း အသင့်ဖြစ်အောင် စီမံပေးထားပြီးဖြစ်တယ်။

အားဖြည့်ပေးခဲ့

မုန်တိုင်းသင့်ဒေသတွေမှာ ပိုမိုအုပ်ချုပ်ကွပ်ကဲမှု ကောင်းမွန်စေဖို့အတွက် လပွတ္တာမြို့နယ်ကိုလည်း ခရိုင်အဆင့်အထိ တိုးမြှင့်ဖွဲ့စည်းပေးခဲ့တယ်။ လပွတ္တာနဲ့ ဖျာပုံမြို့တွေမှာ တိုင်းအဆင့် ခုတင် ၂၀၀ဆေးရုံတစ်ရုံစီ၊ မော်လမြိုင်ကျွန်းနဲ့ ဘိုကလေးမြို့တို့မှာ ခရိုင်အဆင့် ခုတင် ၁၀၀ဆေးရုံတစ်ရုံစီ အသစ်ဆောက်လုပ်ဖို့ စီစဉ်ပေးခဲ့တယ်။ တိုက်နယ်ဆေးရုံနဲ့ ကျေးလက်ဆေးပေးခန်းများကိုလည်း အဆင့်မြှင့်တင်မှု၊ အသစ် ဆောက်လုပ်မှုများနဲ့ အားဖြည့်ပေးခဲ့တယ်။ လေဘေးသင့်ဒေသ မိဘမဲ့ကလေးသူငယ်များကိုလည်း နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ပေးလျက်ရှိတယ်။ ရေရှည်စောင့်ရှောက်နိုင်ဖို့အတွက်လည်း လပွတ္တာနဲ့ဖျာပုံတို့မှာ “လူငယ်အားမာန်သင်တန်းကျောင်း” တစ်ကျောင်းစီ ဖွင့်လှစ်ထားရှိရေး စီမံပေးပြီးဖြစ်တယ်။

ပင်လယ်ကမ်းခြေဒေသတွေက ပြည်သူတွေ အရေးပေါ်ချိန်မှာ လုံခြုံအန္တရာယ်ကင်းစွာနဲ့ စုပေါင်းခိုလှုံနိုင်စေဖို့ လေဒဏ်၊ လှိုင်းဒဏ်ခံနိုင်တဲ့ အခိုင်အမာ အဆောက်အအုံတွေကိုလည်း စနစ်တကျပုံစံထုတ်ပြီး တည်ဆောက်ပေးသွားမှာဖြစ်တယ်။ ဒါ့အပြင် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အားထားရတဲ့ ပင်လယ်ပိုင်းဒေသတွေကို ကုန်းလမ်းခရီးနဲ့ အလွယ်တကူ သွားလာနိုင်ဖို့ လမ်းကြီး ငါးသွယ်ဖြစ်တဲ့ “မအူပင်-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း”၊ “မော်လမြိုင်ကျွန်း-လှိုင်းဘုံး-သစ်ပုတ်-ကွင်းကောက်-ပြင်စလူလမ်း”၊ “လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း”၊ “ဘိုကလေး-သာပေါင်း-ကြိမ်ချောင်း-ကဒုံကနိလမ်း”နဲ့ “လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း”တွေကိုလည်း မုန်တိုင်းပြီးစ ကာလမှာပဲ စတင်ဖောက်လုပ် နေပြီဖြစ်တယ်။ ဒီလမ်းကြီးတွေ ဖြတ်သန်းတဲ့ ကျေးရွာတစ်ဝိုက်မှာလည်း လေဒဏ်၊ လှိုင်းဒဏ်တွေက အန္တရာယ်ကင်းစွာ ခိုလှုံနိုင်ဖို့ တည်ဆောက်ပေးသွားမှာဖြစ်တယ်။

မောင်တို့ မယ်တို့-

နိုင်ငံတော်ကို တည်ဆောက်ထူထောင်ရာမှာဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားရာမှာဖြစ်စေ ဒို့တစ်တွေရဲ့ စည်းလုံးညီညွတ်မှုအား၊ ဒို့တစ်တွေရဲ့ ကြီးမားတဲ့ လုံ့လဝီရိယအားတွေကြောင့် အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေခြင်းပဲဖြစ်တယ်။ တစ်ဖက်ကလည်း နိုင်ငံတော်အပိုင်းက ပြည်သူများအတွက် အစစ သက်လုံကောင်းစေဖို့ အခြေခံအုတ်မြစ်ကောင်းတွေကို မှန်ကန်တဲ့ ဦးတည်ချက်တွေနဲ့အညီ ခိုင်ခိုင်မာမာ ထူထောင်အခြေချနိုင်ခြင်းကြောင့် ဖြစ်တယ်ဆိုတာ ရှင်းလင်းပြောကြားလိုတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်တဲ့အတွက် အလေးထားပြီး ဆောင်ရွက်ခဲ့တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ယှဉ်တွဲပြီး တည်ငြိမ်အေးချမ်းမှုများ ကျယ်ပြန့်ခိုင်မာလာတာနဲ့အမျှ စီးပွားရေးအခြေခံကောင်းတွေ ပြည်သူများကျန်းမာစွာ သက်တမ်းစေ့နေနိုင်ရေးနဲ့ ပညာရည်မြင့်မားရေး အခြေခံကောင်းတွေကို တိုးတက်ရရှိစေရေးအတွက် အထူးဒေသကြီး (၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။ ချမှတ်ထားတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်း (၅)ရပ်အပြင် ကျေးလက်ဒေသတွေမှာ လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက်လည်း ရေအား၊ လေအား၊ နေရောင်ခြည်အား၊ ဇီဝဓာတ်ငွေ့အားတို့နဲ့ အသင်းဝင်များကပါ ပါဝင်အကောင်အထည်ဖော်လျက် ရှိတယ်။ ဆက်လက်ပြီးလည်း တိုးမြှင့်တည်ဆောက်သွားမှာဖြစ်တယ်။

တိုးတက်လာ

ကျေးလက်နေပြည်သူအများစုရဲ့ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဟာ စိုက်ပျိုးရေးဖြစ်တယ်။ နိုင်ငံတော်အနေနဲ့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး အတွက် ငွေကြေးအမြောက်အမြားကျခံပြီး ဆောင်ရွက်ပေးလျက်ရှိတယ်။ ၁၉၈၈ ခုနှစ်က အခုအချိန်အထိ ရေလှောင်တမံနဲ့ ရေထိန်းတံခါးပေါင်း ၂၁၆ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခုနဲ့ မြေအောက်ရေရရှိရေးအတွက် တွင်းပေါင်း ၇၈၈၂တွင်း တူးဖော်တည်ဆောက်ခဲ့ပြီးဖြစ်တယ်။ ဆက်လက်ပြီးလည်း တောင်သူများအကျိုးအတွက် ဆောင်ရွက်နေဆဲဖြစ်တယ်။ အပူပိုင်း မိုးနည်းရေရှားဒေသတွေမှာ မြေအောက်ရေ ရရှိရေးနဲ့ ဆည်ကန်အင်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွေကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိတယ်။ ရေသွင်းစိုက်ဧက ၅ဒသမ၅၇ သန်းအထိ တိုးတက်လာပြီဖြစ်တယ်။ သီးနှံစိုက်စွမ်းအားဟာလည်း ၁၉၈၈ခုနှစ်မှာ ၁၂၁ရာခိုင်နှုန်းသာရှိခဲ့ရာက အခုဆိုရင် ၁၆၇ဒသမ၂ ရာခိုင်နှုန်းအထိ တိုးတက်လာပြီဖြစ်တယ်။

စားရေးအတွက် အဓိကသီးနှံဖြစ်တဲ့ စပါးစိုက်ပျိုးထုတ်လုပ်မှုကို ကြည့်ရင် ၁၉၈၈ခုနှစ်မှာ စပါးစိုက်ဧက ၁၁ဒသမ၈၀ သန်းသာရှိပြီး အထွက်တင်းသန်း ၆၃၀သာရှိခဲ့ရာက ရည်မှန်းချက်အဆင့်ဆင့် ချမှတ်ဆောင်ရွက်မှုကြောင့် ယခုစပါးတင်းသန်းပေါင်း ၁၅၀၀ကျော်ထွက်ရှိနေပြီဖြစ်တယ်။ ကိုယ်တိုင်မျိုးခံစိုက်ပျိုးနိုင်ပြီး တင်း ၁၀၀ကျော်ထွက်ရှိတဲ့ စပါးမျိုးသစ်များ သုတေသနပြုထုတ်လုပ်ပြီး မျိုးပြောင်းလဲပေးနိုင်တဲ့အတွက် စပါးတင်းသန်း ၂၀၀၀ထွက်ရှိရေး ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုအနေနဲ့ ၁၉၈၈ခုနှစ်မှာ စိုက်ဧက ၁ဒသမ၈ သန်းနဲ့ တန်ချိန် ၁သိန်း ၇သောင်းသာ ထုတ်လုပ်နိုင်ရာက အခုဆိုရင်စိုက်ဧက ၁၀ဒသမ၄၅သန်းကျော်နဲ့ တန်ချိန်၄၉ဒသမ ၇၅သိန်းအထိ ထုတ်လုပ်လာနိုင်ပြီဖြစ်တယ်။ အရှေ့တောင်အာရှမှာ ပဲအများဆုံး တင်ပို့တဲ့နိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်တယ်။ ဆီထွက်သီးနှံ စိုက်ဧကဟာလည်း ၁၉၈၈ခုနှစ်က ၅သန်းသာရှိရာက ၈ဒသမ၃၆သန်းအထိ တိုးတက်လာပြီဖြစ်တယ်။ ဝတ်ရေးအတွက် အဓိကကျတဲ့ ဝါသီးနှံအနေနဲ့ ယခင်က တစ်ဧကမှာ အမြင့်ဆုံးပိဿာ၄၀၀၊၅၀၀ခန့်သာ ထွက်ရှိရာက တစ်ဧကကို ပိဿာ ၁၆၀၀အထိ ထွက်ရှိတဲ့မျိုးများနဲ့ ပြောင်းလဲစိုက်ပျိုးနိုင်ပြီ ဖြစ်တယ်။ ပြည်သူများရဲ့ စားရေးအတွက် ဖူလုံပိုလျှံနေတဲ့အပြင် ဝတ်ရေးအတွက်ပါ အခြေအနေကောင်းတွေ ရရှိနေပြီဖြစ်တယ်။

စက်မှုကဏ္ဍဟာ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အရေးပါတဲ့ကဏ္ဍဖြစ်တယ်။ စက်မှုဇုန်၁၈ဇုန်ဖွင့်ပြီး ပုဂ္ဂလိကကဏ္ဍတိုးတက်လာအောင် အားပေးခဲ့တယ်။ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်ပိုင်စက်ရုံ ၆၂၄ရုံနဲ့ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၅၀၀၀ ရှိရာက အခုဆိုရင် နိုင်ငံတော်ပိုင်စက်ရုံ ၇၉၃ရုံနဲ့ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၁သိန်း၁သောင်း၃ထောင်အထိ ရှိလာပြီဖြစ်တယ်။ စက်မှုကဏ္ဍအနေနဲ့ အခုနှစ်မှာ ၂၁ဒသမ၂ရာခိုင်နှုန်းခန့် တိုးတက်လာပြီဖြစ်တယ်။

ပြည်သူများ အလုပ်အကိုင်ရရှိမှုများကို ကြည့်မယ်ဆိုရင် လယ်ယာလုပ်သား ၂၃သန်းကျော်၊ စက်ရုံလုပ်သား ၅သန်း၁သိန်းခန့်၊ ဝန်ဆောင်မှုလုပ်သား ၈သန်းခန့် စုစုပေါင်း ၃၆သန်းကျော်အထိ တိုးတက်ရရှိနေပြီဖြစ်တယ်။

မောင်တို့မယ်တို့-

ဒေသတစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်သွယ်သွားလာနိုင်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက်သာမက တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုကိုလည်း အထောက်အကူပြုစေနိုင်တဲ့အတွက် ဆက်သွယ်သွားလာနိုင်တဲ့လမ်းတွေကို တစ်နိုင်ငံလုံး ကွန်ရက်သဖွယ်ဖောက်လုပ်ပေးခဲ့တယ်။ မြစ်ချောင်းပေါ်များတဲ့အတွက် လမ်းဖောက်ဖို့ အခက်အခဲရှိတဲ့ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းအတွင်း ဖောက်လုပ်ပြီးတဲ့လမ်းတွေက ပြည်သူများအတွက် အကျိုးပြုနေပြီဖြစ်တယ်။ ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း ၂၁၀၀၀ကျော်ရှိရာက အခုဆိုရင် မိုင်ပေါင်း ၇၁၈၂၀ အထိရှိလာခဲ့ပြီဖြစ်တယ်။

ရထားလမ်း

တပ်မတော်အစိုးရ တာဝန်ယူတဲ့ကာလအတွင်း ရှိပြီးရထားလမ်းများကို အဆင့်မြှင့်တင်ပေးပြီး သံလမ်းမိုင်ပေါင်း ၁၄၇၈ မိုင်၊ ဘူတာရုံပေါင်း ၃၂၅ ရုံအသစ်အကောင်အထည်ဖော်ပေးခဲ့တယ်။ ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ်လျက်ရှိတယ်။ ဖောက်လုပ်ပြီးရင် ပုသိမ်ကနေ မန္တလေးကို တောက်လျှောက်သွားနိုင်မှာဖြစ်တယ်။ မန္တလေး-ကသာကတစ်ဆင့် ဗန်းမော်ကိုလည်း ဖောက်လုပ်နေပြီဖြစ်တယ်။ ရွှေညောင်-တောင်ကြီး-နမ့်စန်ကနေ ကျိုင်းတုံအထိ သွားလာနိုင်အောင်လည်း စတင်ဆောင်ရွက်လျက်ရှိတယ်။ ဘုရားသုံးဆူ-ပျော်ဘွယ်-မကွေးလမ်းကိုလည်း ဖောက်လုပ်လျက်ရှိတယ်။

အဓိကမြစ်ကြီးတွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်တွေမှာ ၁၉၈၈ ခုနှစ်အထိ တံတားကြီး ငါးစင်းသာရှိခဲ့ရာမှ အခုထပ်မံတည်ဆောက်ပြီးတဲ့ တံတားကြီး ၁၈ စင်းက ပြည်သူများကို အကျိုးပြုနေပြီဖြစ်တယ်။ စုစုပေါင်းပေ ၁၈၀ အထက် ကားလမ်းတံတားပေါင်း ၃၁၁ စင်း၊ ရထားလမ်း တံတားပေါင်း ၄၂ စင်း ဆောက်လုပ်ပေးခဲ့ပြီး ခုနစ်စင်းတည်ဆောက်နေဆဲဖြစ်တယ်။

လေကြောင်းပို့ဆောင်ရေးအတွက် လေဆိပ်အသစ်များတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်မွမ်းမံခြင်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့တယ်။ လေယာဉ်ပြေးလမ်း ပေ ၅၀၀၀ အထက်ရှိတဲ့ လေယာဉ်ကွင်း ၂၁ ကွင်းကနေ ၃၈ ကွင်းအထိ တိုးတက်တည်ဆောက်နိုင်ပြီး လေယာဉ်ကွင်းပေါင်း ၂၈ကွင်းကိုလည်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့တယ်။

ရေကြောင်းပို့ဆောင်ရေး

ရေကြောင်းပို့ဆောင်ရေးကဏ္ဍမှာလည်း ၁၉၈၈ခုနှစ်မတိုင်မီက အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတား၁၃ခုသာရှိခဲ့ရာက အခုကုန်သေတ္တာတင်ချနိုင်တဲ့ ဆိပ်ခံတံတား၂၈ခု၊ ကုန်းတွင်းကုန်သေတ္တာစခန်း သုံးခု တိုးချဲ့တည်ဆောက်နိုင်ခဲ့တယ်။ ရေနက်ဆိပ်ကမ်းများ ဆောက်လုပ်နိုင်ရေးအတွက်လည်း ကျောက်ဖြူနဲ့ထားဝယ်တို့မှာ စီမံဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် ဧရာဝတီတိုင်းအတွင်းမှာလည်း အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးတွေ ဝင်ထွက်ဆိုက်ကပ်နိုင်ရေးအတွက်လည်း စူးစမ်းလေ့လာလျက်ရှိတယ်။

ဆက်သွယ်ရေးအပိုင်းမှာလည်း ယခင်၁၉၈၈ခုနှစ်က အိတ်ချိန်းရုံး၂၄၅ရုံးနဲ့ တယ်လီဖုန်း ခြောက်သောင်းခုနစ်ထောင်သာရှိရာက အခုဆိုရင် အိတ်ချိန်းရုံး၉၀၀နဲ့ လိုင်းတယ်လီဖုန်း တစ်သန်းတစ်သိန်းအထိ တပ်ဆင်နိုင်ပြီဖြစ်တယ်။ မိုဘိုင်းလ်တယ်လီဖုန်း ခြောက်သိန်း တစ်သောင်းကျော်ကို မြို့ကြီးတွေသာမက ပြည်နယ်၊ တိုင်းတွေက မြို့၇၃မြို့မှာပါ တပ်ဆင်အသုံးပြုနေပြီဖြစ်တယ်။ ကမ်းနီးပင်လယ်ပြင်နဲ့ ပင်လယ်ကမ်းစပ်က ကျေးလက်ဒေသများမှာပါ ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်တယ်။ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းများလည်း တိုးတက်ရရှိနေပြီဖြစ်တယ်။

လျှပ်စစ်ကဏ္ဍမှာလည်း ယခင်က ထုတ်လုပ်မှု ၂၂၈မဂ္ဂါဝပ်သာရှိရာက ရဲနွယ်၊ ရွှေလီနဲ့ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံများ စတင်ထုတ်လုပ်နိုင်တဲ့အတွက် အခု ၉၇၇မဂ္ဂါဝပ်အထိ တိုးတက်လာခဲ့ပြီဖြစ်တယ်။ မဂ္ဂါဝပ်တစ်သောင်းကျော် တိုးတက်ရရှိလာမည့် စီမံကိန်း၁၄ခုကိုလည်း အမြန်ပြီးစီးအောင် ကြိုးပမ်းလျက်ရှိတယ်။ ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ မဟာဓာတ်အားလိုင်းများကိုလည်း တည်ဆောက်ပေးလျက်ရှိတယ်။

ရေနံနဲ့ သဘာဝဓာတ်ငွေ့တိုးတက်ရရှိစေဖို့ ကမ်းလွန်နဲ့ ကုန်းတွင်းဒေသတွေမှာ ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ တွင်းထွက် သယံဇာတများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိတယ်။

မောင်တို့မယ်တို့-

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း နိုင်ငံတော်အတွက် အရေးပါတဲ့အချက်တစ်ခုဖြစ်တယ်။ ပညာရေးကဏ္ဍမှာ အခြေခံပညာကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်တဲ့အတွက် အခြေခံပညာကျောင်းပေါင်း ၄၀၅၇၄ ကျောင်းရှိလာပြီ ဖြစ်တယ်။

ယခင်တက္ကသိုလ်၊ ကောလိပ် ၃၂ ကျောင်းသာရှိရာက ယခု ၁၅၇ ကျောင်းအထိ ရှိလာပြီဖြစ်တယ်။ ၁၉၈၈ ခုနှစ်ကနေ ယခုအချိန်အထိ ဘွဲ့ရပညာတတ် ၁၄ သိန်း ၇သောင်းကျော်နဲ့ ဘွဲ့လွန်ပညာရှင်များကိုလည်း မွေးထုတ်ပေးနိုင်ခဲ့တယ်။ နိုင်ငံတော် ရဲ့ ဒေသအသီးသီးမှာ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းတွေ တိုးတက်ရရှိအောင် ဖော်ဆောင်ပေးနိုင်ခဲ့တယ်။ စာတတ်မြောက်မှု နှုန်းဟာလည်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီဖြစ်တယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံပေါင်း ၂၁၀ အသစ်ဆောက်လုပ်ပေးခဲ့တဲ့အတွက် ဆေးရုံပေါင်း ၈၄၁ ရုံရှိနေပြီဖြစ်တယ်။ ဆေးရုံပေါင်း ၁၂၃ ရုံကိုလည်း အဆင့်မြှင့်တင်ပေးခဲ့တယ်။ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ ခု ဖွင့်လှစ်ပေးခဲ့တယ်။ ပြည်သူများ သက်ရှည်ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ပေးခဲ့တယ်။

မောင်တို့မယ်တို့-

ဒို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေဟာ လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့ နိုင်ငံတော်နဲ့ ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေတဲ့ ပကတိ အရှိတရားတွေဖြစ်တယ်။ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ နယ်ချဲ့တို့ရဲ့ နှစ်ပေါင်း ၁၀၀ကျော် ကျွန်ပြုမှုကို ခံခဲ့ကြရပြီးဖြစ်တယ်။ အခုအချိန်အထိလည်း နယ်ချဲ့တွေ အနေနဲ့ သူတို့နဲ့ အယူအဆမတူတဲ့ နိုင်ငံတွေကို နည်းမျိုးစုံနဲ့ တိုက်ခိုက်နေကြဆဲဖြစ်တယ်။ ဒို့တွေ အနေနဲ့ နိုင်ငံတော်နဲ့ပြည်သူများအကျိုးအတွက် ဆောင်ရွက်ရာမှာ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်နေလို့သာ ကြံ့ကြံ့ခံ ရပ်တည်နေနိုင်တာ ဖြစ်တယ်။ အောင်မြင်နေတာ ဖြစ်တယ်။ ဒို့နိုင်ငံရဲ့ ဖြစ်ပေါ်တည်ရှိတဲ့ ပကတိဘဝကို နားလည်နိုင်အား မရှိဘဲ အနှောင့်အယှက်မျိုးစုံ၊ ဖိအားမျိုးစုံ ပေးနေပေမယ့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ခရီးပန်းတိုင်ဟာ အလှမ်းနီးနေပြီဖြစ်တယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အီရတ်နိုင်ငံ မိုဆူးလ်၌ အသေခံပုံးခွဲမှုများဖြစ်ပွား နှစ်ဦးသေဆုံး၊ ၃၃ဦးဒဏ်ရာရရှိခဲ့

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံ နိုင်းဗက်ချ်ပြည်နယ်၏မြို့တော် မိုဆူးလ်မြို့၌ နိုဝင်ဘာ ၂၇ရက် က အီရတ်ရဲတပ်ဖွဲ့အား ပစ်မှတ်ထားသော အသေခံ ဗုံးခွဲတိုက်ခိုက်မှု နှစ်ရပ်ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး ၃၃ ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်

ပထမဖြစ်ရပ်မှာ မိုဆူးလ်မြို့လယ်ကောင်ရှိ မန်ဆောရပ်၌ ကင်းလှည့်ရဲကားတစ်စီးကို အသေခံကားဗုံးခွဲတိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အရပ်သားနှစ်ဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင် ၁၆ ဦးအပါအဝင် ၂၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ဖြစ်ပွား

အခြားဖြစ်ရပ်မှာ မိုဆူးလ်မြို့လယ်ကောင် ဒါဝါဆာအရပ်ရှိ ပြည်နယ်ရုံးကြီးတစ်ရုံးရှေ့၌ ရဲတပ်ဖွဲ့ထံသို့ ဖောက်ခွဲရေးပစ္စည်းများ ပတ်ထားသော အသေခံဗုံးခွဲသမားက အတင်းပြေးဝင် ဖောက်ခွဲတိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ငါးဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းရပ်ကွက်က ပြောကြားသည်။

ဖော်ပြ

အီရတ်ပါလီမန်က နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် အမေရိကန်တပ်ဖွဲ့များ အီရတ်တွင် ၂၀၁၁ခုနှစ် အကုန်တိုင်အောင် ဆက်လက်ရှိနေရေး သဘောတူစာချုပ်ကို အတည်ပြုပြီးနောက် အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

စစ်ကြောင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသော အီရတ်နိုင်ငံရှိ နိုင်းဗက်ချ် ပြည်နယ်သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများ နောက်ဆုံးအနေဖြင့် လွှမ်းမိုးကြီးစိုးခဲ့ရာဒေသများအနက်မှ တစ်ခုဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ နိုဝင်ဘာ ၂၇ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ကားတစ်စီးကို တွေ့မြင်ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

ပုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးအနီး၌ အသေခံကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မီးလောင်နေသော ကားတစ်စီးကို နိုဝင်ဘာ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မွမ်ဘိုင်းမြို့ အကြမ်းဖက်မှု အစိုးရအဖွဲ့ အရေးပေါ်စည်းဝေး

နယူးဒေလီ နိုဝင်ဘာ ၂၈

မွမ်ဘိုင်းမြို့၌ အကြမ်းဖက် တိုက်ခိုက်ခံရပြီးနောက် အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏မြို့တော်အတွင်း မဲဆွယ်ရေးလုပ်ငန်းအစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီး ဝန်ကြီးချုပ်က အရေးပေါ် အစိုးရအဖွဲ့ အစည်းအဝေးကို ခေါ်ယူလိုက်ကြောင်း အင်ဒိုအေရှင်း သတင်းဌာနက ကြေညာသည်။

စီစဉ်ခဲ့

အစိုးရအဖွဲ့၏ အရေးပေါ်အစည်းအဝေးတက်ရောက်ရန် ပြည်ထဲရေးဝန်ကြီး ပတေးသည် မွမ်ဘိုင်းမြို့မှ ဒေလီသို့ပြန်လာနေပြီဟု ဆိုသည်။ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် ဒေလီမြို့တောင်ပိုင်း၌ နိုဝင်ဘာ ၂၇ရက် ညနေပိုင်းတွင် မူလကမဲဆွယ် ဟောပြောရန် စီစဉ်ထားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှားသမ္မတ သက်တမ်းတိုးမြှင့်ရေး အထက်လွှတ်တော် အတည်ပြု

မော်စကို နိုဝင်ဘာ ၂၈

ရုရှားသမ္မတ၏ သက်တမ်းတိုးရေးကို လေးနှစ်မှခြောက်နှစ်အထိ တိုးမြှင့်ရေး အစီအစဉ်အား ရုရှားအထက်လွှတ်တော်က အတည်ပြုလိုက်ကြောင်း ရုရှားသတင်းစာများက နိုဝင်ဘာ ၂၆ရက်တွင် ဖော်ပြသည်။

အတည်ပြု

ထို့ပြင် ရုရှားအောက်လွှတ်တော် အမတ်များ၏ သက်တမ်းကို လေးနှစ်မှ ငါးနှစ်အထိ တိုးမြှင့်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကိုလည်း ရုရှားအထက်လွှတ်တော်က အတည်ပြုပေးလိုက်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆင်းရဲမွဲတေသူများအား ကယ်တင်ရန် ကုလသမဂ္ဂမဟာမင်းကြီး နှိုးဆော်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

လက်ရှိကြုံတွေ့နေရသော ငွေကြေးအကျပ်အတည်းမှ ဘဏ်များကိုသာမက လူပုဂ္ဂိုလ်များကိုလည်း စစ်ဘေးစစ်ဒဏ်နှင့် ဆင်းရဲခြင်းမှကယ်ဆယ်ရန် နိုင်ငံတကာ အသိုက်အဝန်းကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အင်တိုနီယို ဂူတာရက်က နိုဝင်ဘာ ၂၆ ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

ပြောကြား

အမေရိကန်နိုင်ငံက ယင်းစီးပွားရေးကိုထိန်းပေးရန် ဒေါ်လာ ဘီလီယံ ပေါင်းများစွာကိုထုတ်သုံးရန် ကတိပြုထားပြီး အခြားနိုင်ငံများက အတုယူလုပ်ကိုင်နေစဉ်တွင် ကမ္ဘာ့အသိုက်အဝန်းက ဆင်းရဲသူများနှင့် ကြွခိုင်မှုကင်းမဲ့သူများအား ပစ်မထားရန် အင်တိုနီယိုဂူတာရက်က သတိပေးပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဓာတ်ဆီတင်ကားတိမ်းမှောက်၊ မီးလောင် လူ ၂၀ သေဆုံး၊ အများအပြား ဒဏ်ရာရ

လေဂို့စ် နိုဝင်ဘာ ၂၈

ဂါနာနိုင်ငံ အနောက်ပိုင်းတွင် ဓာတ်ဆီတင်ကား တိမ်းမှောက်ပြီးမီးလောင်မှုကြောင့် အနည်းဆုံးလူ ၂၀သေဆုံးပြီး အများအပြား ဒဏ်ရာရသွားကြောင်း သိရသည်။

ဒဏ်ရာရ

ဂါနာနိုင်ငံ တာနိုဆိုမြို့အနီး ဓာတ်ဆီတင်ကားတိမ်းမှောက်သဖြင့် ဓာတ်ဆီများ ယိုဖိတ်ကုန်ကြောင်း၊ အနီးရှိသူများက လာရောက် လုယက်ခပ်ယူစဉ် ဓာတ်ဆီတင်ကား မီးထလောင်ပြီး ထိုခိုက်သေဆုံး ဒဏ်ရာရခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ နိုဝင်ဘာ ၂၄ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် စတိုးဆိုင်တစ်ခုအတွင်း အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

ဆိုမာလီယာတောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား

မိုဂါဒစ်ရှူး နိုဝင်ဘာ ၂၈

ဆိုမာလီယာနိုင်ငံတောင်ပိုင်း ဘိုင်ဒိုအာမြို့၌ နိုဝင်ဘာ ၂၇ရက်က အကြမ်းဖက် တိုက်ခိုက်ရေးသမားများဟု ယူဆရသူများက ရဲတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ယာဉ်တစ်စီးကို လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေးဦး သေဆုံးပြီး ၂၀ ဒဏ်ရာရခဲ့ကြောင်း မျက်မြင်သက်သေများနှင့် ဆေးရုံမှအရာရှိများက ထုတ်ဖော်ပြောကြားသည်။

မြို့တော်မိုဂါဒစ်ရှူးမြို့မှ အနောက်ဘက် ကီလိုမီတာ ၂၅၀အကွာရှိ ဘိုင်ဒိုအာမြို့တွင် လူတစ်စုက ဖြတ်သန်းသွားသည့် ရဲကားတစ်စီးကို လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ လေးဦးသေဆုံးသည့်အနက် ရဲအရာရှိတစ်ဦးပါဝင်ကြောင်း မျက်မြင်သက်သေတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ဒီရာအစ္စမေးလ်ခန်မြို့၌ နိုဝင်ဘာ ၂၁ရက်က ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦး ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နည်းပညာသိပွဲ

သရုပ်ဆောင်နိုင်သည့် စက်ရုပ်

ရုပ်ရှင်သရုပ်ဆောင်များကဲ့သို့သော အမူအရာလုပ်ပြနိုင်သည့် စက်ရုပ်တစ်ရုပ်ကို ဂျပန်နိုင်ငံက တီထွင် ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ယခင်က အိမ်မှုကိစ္စများကို ဆောင်ရွက်တတ်သည့်စက်ရုပ်ထက် စွမ်းဆောင်ရည် ပိုမြင့်မားကြောင်း သိရသည်။

ပြောကြား

သရုပ်ဆောင်တစ်ဦးနှင့်အတူတွဲပြီး သရုပ်ဆောင်နိုင်သကဲ့သို့အသံထွက်စကားပြောနိုင်အောင်လည်း တီထွင်ထုတ်လုပ်ထားသည်။ ယခု တီထွင်လိုက်သည့် စက်ရုပ်သည် စက်ရုပ်နှင့်လူသားတို့အကြား နည်းပညာပိုင်းဆိုင်ရာ ဆက်သွယ်ပေးသည့် အရာလည်းဖြစ်ကြောင်း စက်ရုပ်ကိုတီထွင်သူ အိုရီဇာဟီရာတာက ပြောကြားသည်။

လူသားတစ်ဦးကဲ့သို့ပင် အပြန်အလှန် ဆွေးနွေးပြောဆိုနိုင်သည့်အပြင် ရုပ်ရှင်သရုပ်ဆောင်များနှင့် အတူတကွ ပြောဆိုသရုပ်ဆောင်နိုင်ကြောင်းလည်း သိရသည်။

ထုတ်လုပ်ဖြန့်ချိ

အဆိုပါစက်ရုပ်သည် မိနစ် ၂၀ကြာအောင် တစ်ဆက်တည်း အလုပ်လုပ်နိုင်ကြောင်း၊ အမြင့်မှာ သုံးပေခန့် ရှိကြောင်း၊ လာမည့် ၂၀၁၀ပြည့်နှစ်၌ ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

မွမ်ဘိုင်း၌ အကြမ်းဖက်မှု ဓားစာခံလွတ်မြောက်ရေးနှင့် ကယ်ဆယ်ရေး သေနတ်သမားများအား ကွန်မန်ဒိုများ စီးနင်းတိုက်ခိုက်

မွမ်ဘိုင်း နိုဝင်ဘာ ၂၈

အိန္ဒိယနိုင်ငံ၏ ရောင်းဝယ်ဖောက်ကားမှုအစည်ကားဆုံး ကုန်သွယ်ရေးမြို့ မွမ်ဘိုင်းမှ ကြယ်ငါးပွင့်အဆင့်ဟိုတယ်ကြီးနှစ်ခု၊ မြို့တော်၏ အကြီးဆုံးဘူတာနှင့် ရုပ်ရှင်ရုံ၊ ဆေးရုံကြီးတစ်ရုံအပါအဝင် မြို့အနှံ့အပြားတွင် နိုဝင်ဘာ၂၆ရက်က စက်သေနတ်များ၊ လက်ပစ်ဗုံးများကိုင်ဆောင်ထားသည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၂၅ဦးသေဆုံးပြီး ၃၂၇ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ (နိုဝင်ဘာ၂၈ရက်-မြန်မာ့အလင်း စာမျက်နှာ ၅)

ယင်းသတင်းနှင့် ပတ်သက်၍ ဆက်လက်သိရှိရသည်မှာ သေနတ်သမားများက လူအများအပြားကို ဓားစာခံအဖြစ် ဖမ်းဆီးလျက်ရှိသည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ ရဟူဒီဌာနကို အိန္ဒိယကွန်မန်ဒိုများက စီးနင်းတိုက်ခိုက်ခဲ့သည်။

မြေပြင်တိုက်ခိုက်မှု စတင်စဉ်မှာပင် ရဟူဒီဌာန အဆောက်အအုံအတွင်းသို့ရဟတ်ယာဉ်ပေါ်မှကွန်မန်ဒိုများက လျှောဆင်းကြသည်။ ထို့နောက် သေနတ်သံများ ဆူညံသွားသည်။ သေနတ်သမားများက အနည်းဆုံး ဂျူးလူမျိုး၁၀ဦးကို ဓားစာခံအဖြစ် ဖမ်းထားသည်ဟု ထင်ရသည်။

မွမ်ဘိုင်းမြို့၌ နိုဝင်ဘာ၂၆ရက် ညပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရှင်းလင်း

လူ ၁၄၀ထက်မနည်းသေဆုံးပြီး ၃၀၀ကျော် ဒဏ်ရာရရှိစေသည့် ဗုဒ္ဓဟူးနေ့က တိုက်ခိုက်မှုကြောင့် အိန္ဒိယလုံခြုံရေးတပ်များက ရဟူဒီဌာနနှင့်တကွ ဇိမ်ခံဟိုတယ်ကြီးနှစ်လုံးတို့မှ စစ်သွေးကြွသေနတ်သမားများကို ရှင်းလင်းနေရသည်။

ကြေညာ

ဓားစာခံ ၃၀ခန့်ကို ကယ်ထုတ်ပြီးနောက် အိုဘေရွိုင်းထရီးဒင့်ဟိုတယ်ကို မိမိတို့သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း အိန္ဒိယတပ်မတော်က ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ နိုဝင်ဘာ ၂၇ရက် နံနက်ပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် တာ့ဂျ်မဟာဟိုတယ်တွင် တည်းခိုသူများအား ကယ်ထုတ်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လုံခြုံရေးတပ်များ ကယ်ဆယ်လိုက်ရသည့် ဓားစာခံအများစုမှာ နိုင်ငံခြားသားများဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

လှုပ်ရှားနေ

ထိုအတောအတွင်း တာ့ဂျ်မဟာဟိုတယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးနှင့် စစ်သွေးကြွနှိမ်နင်းရေးအတွက် တစ်ခန်းဝင် တစ်ခန်းထွက် လှုပ်ရှားနေသည်။

ပြီးဆုံးတော့မည်

ဧည့်သည်အားလုံးနှင့် ဟိုတယ်ဝန်ထမ်းအားလုံးနီးပါးကို ကယ်ထုတ်ပြီးပြီဖြစ်သည့်အတွက် လုံခြုံရေးစစ်ဆင်မှုမှာ နာရီအနည်းငယ်အတွင်း ပြီးဆုံးတော့မည် ဖြစ်ကြောင်း အိန္ဒိယတပ်မှူးတစ်ဦးက ကြေညာသည်။

သည်းခံမည်မဟုတ်

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ကြာသပတေးနေ့တွင် ပြောကြားရာ၌ မိမိတို့နိုင်ငံသားများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည်တို့ကို အစိုးရက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သေနတ်သမားများသည် ပြည်ပနိုင်ငံတွင် အခြေစိုက်သူများ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ယခုကဲ့သို့ တိုက်ခိုက်ရန် ခြေကုပ်စခန်းယူခွင့်ပေးသည့် အားပေးအားမြှောက်ပြုသော နိုင်ငံများကို အိန္ဒိယနိုင်ငံက သည်းခံလိမ့်မည်မဟုတ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ **(အင်တာနက်)**

ဆေးသောက်ပါ... ဘဝအမောပြေ

ဆရာဝန်တစ်ဦးထံမှ ဆေးကုသပြီး ပြန်လာသောလူနာတစ်ဦးမျက်နှာ၌ အပြုံးပန်းများ ဝေဆာလျက်ရှိသဖြင့် မိတ်ဆွေဖြစ်သူက မေးလေသည်။

မိတ်ဆွေ ။ ။ မျက်နှာမှာ ပြုံးလို့ရွှင်လို့ပါလား။
လူနာ ။ ။ ဟုတ်တယ်၊ ဆရာဝန်က ရောဂါပျောက်ကင်းတဲ့ ဆေးတွေပေးလိုက်လို့ပါ။
မိတ်ဆွေ ။ ။ ဝမ်းသာတယ်ဗျာ၊ ခင်ဗျားရောဂါဖြစ်နေတာကြာပြီပဲ။
လူနာ ။ ။ ဟုတ်တယ်၊ ဆရာဝန်ကသူပေးလိုက်တဲ့ ဆေးပုလင်းထဲကဆေးကို တစ်နေ့တစ်လုံးနဲ့ မသေမချင်းသောက်ပေးပါလို့ ပြောလိုက်တယ်။
မိတ်ဆွေ ။ ။ စွမ်းလိုက်တဲ့ဆေးပဲ၊ အဲဒီဆေးဘူးလေးပြပါဦး။
လူနာ ။ ။ ''ဒီမှာကြည့်လေ''ဟုဆိုကာ ပေးလိုက်သည်။
မိတ်ဆွေ ။ ။ မိတ်ဆွေဖြစ်သူက ဆေးဘူးကိုဖွင့်ကြည့်လိုက်ရာ- 'ခင်ဗျားရဲ့ဆေးက တစ်လုံးတည်းပါလားဗျ'
လူနာ ။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

ခွင့်လွှတ်ပါတော့ ဖေဖေရယ်....

နိုင်ငံတကာမှုခင်း

စိန့်ဂျွန်းမြို့လေးသည် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင်ရှိသော မြို့လေးတစ်မြို့ ဖြစ်သည်။ သာယာလှပပြီး အေးချမ်းဆိတ်ငြိမ်သော မြို့လေးဖြစ်သည်။

နောင်တရမိ

ထိုမြို့လေးတွင် အသက် ၈နှစ်အရွယ် သောမတ်စ်သည် ကြီးလေးသော လူသတ်မှုကြီးဖြင့် တရားရုံးတွင် အမှုရင်ဆိုင်နေရသည်။ သူ့အနေဖြင့် မရည်ရွယ်ဘဲနှင့် လူသတ်မှုကျူးလွန်ခဲ့ မိသည့်အတွက် အမှုရင်ဆိုင်နေစဉ် အချုပ်ကျခံနေရသည်ကို အိပ်မက်တစ်ခုပမာ ခံစားနေရသည်။ သူ့အနေဖြင့်လေသေနတ်ကို ကိုင်တွယ်ပြီး ဖခင်ဖြစ်သူအား လက်တည့်မစမ်းခဲ့ရလျှင် အကောင်းသားဟု စဉ်းစားမိသောအခါ လက်ရှိ ရင်ဆိုင်နေရသော ပြဿနာအတွက် နောင်တရမိသည်။

မြင်ယောင်လာမိ

လူငယ်လေးသည် ဝမ်းနည်းစရာများကို တွေးနေမိရာမှ အတိတ်တစ်ချိန်ဆီက သူတို့မိသားစု ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ရသော သာယာချမ်းမြေ့သည့် ဘဝလေးကို ပြန်လည်လွမ်းမော တမ်းတနေမိသည်။ သူ၏ စိတ်သည်လည်း အတိတ်က သူ၏ သာယာကြည်နူးဖွယ်၊ လွမ်းမောဆွတ်ပျံ့ဖွယ် ဘဝကလေးကို စိတ်မျက်စိထဲတွင် ပြန်လည် မြင်ယောင်လာမိတော့သည်။

ထိုစဉ်က သူ၏ဖခင် ဗင်းဆင့်ရိုမီရိုသောမတ်စ် **(အပေါ်ယာပုံ)**၊ မိခင်အီရင်သောမတ်စ်တို့နှင့်လူလားမြောက် ကြီးပြင်းလာခဲ့ရသော ဘဝလေးမှာ လိုလေသေးမရှိ စိတ်ချမ်းသာမှုနှင့်ပြည့်စုံနေခဲ့သည်။ ဖခင်နှင့်မိခင် နှစ်ဦးစလုံး သူ့အပေါ်တွင် အထူးချစ်ခင်အလိုလိုက်ခဲ့ပြီး ဖခင်က မိခင်ထက် သူ့အပေါ် ပိုအလိုလိုက်လေ့ရှိသဖြင့် ဖခင်အပေါ်တွင် ပိုမိုတွယ်တာခဲ့သည်။

ကျောင်းနေပျော်

သူတို့မိသားစုသည် ထိုစဉ်က ယခုသူတို့သားအဖ နေထိုင်ရာ အရီဇိုးနားပြည်နယ် စိန့်ဂျွန်းမြို့လေးတွင်သာ စိတ်အေးချမ်းသာစွာ နေထိုင်ခဲ့ကြသည်။ သူငါးနှစ်သားအရွယ်တွင် မူလတန်းပညာကို မိဘများက သူ့အား စတင်သင်ကြားစေခဲ့သည်။ မိဘများ၏ လိုလေသေးမရှိ ဂရုစိုက်မှုကို ခံရကာ အိမ်နှင့်မလှမ်းမကမ်းရှိ ကျောင်းတွင် နေထိုင်ရသော သောမတ်စ်သည် ကျောင်းပျော်ကာ စာတော်ခဲ့သည်။

ပြန်သွားခဲ့

သောမတ်စ်သည် မူလတန်းအောက်ဆင့်တွင် တစ်နှစ်ခန့် ပညာသင်ကြားပြီးနောက် စာမေးပွဲဖြေဆိုပြီးချိန်တွင်မှ သူနေထိုင်ပျော်မွေ့ရာ သာယာလှပပျော်ရွှင်ဖွယ်ကောင်းသည့် မိသားစု ဘဝလေးမှာ မိဘနှစ်ပါးက အဆင်မပြေဖြစ်ပြီး လမ်းခွဲခဲ့မှုကြောင့် ပျက်စီးခဲ့ရတော့သည်။ ဖခင်အား တွယ်တာမှုပိုကဲသော သောမတ်စ်လေးသည် ဖခင်နှင့်အတူ စိန့်ဂျွန်းမြို့တွင်ပင် ကျန်ရစ်ခဲ့တော့သည်။ မိခင်အီရင်မှာမူ သူမ၏ ဇာတိဖြစ်သည့် မစ္စစ္စပီပြည်နယ်သို့ ပြန်သွားခဲ့သည်။

သင်ကြားပေးခဲ့

သောမတ်စ်သည် ဖခင်အား ပိုမိုချစ်ခင်တွယ်တာခဲ့မိသောကြောင့်သာ ဖခင်နှင့် နေရစ်ခဲ့ရသော်လည်း မိခင်ဖြစ်သူကို သတိရတမ်းတမိကာ တမှိုင်မှိုင်တတွေတွေ ဖြစ်နေခဲ့သည်။ သောမတ်စ်၏ အဖြစ်ကို မကြည့်ရက်သော ဖခင်သည် သောမတ်စ်အား စိတ်အပြောင်းအလဲ သဘောဖြင့် တစ်ပတ်တစ်ခါ သူတောလိုက်တိုင်း ခေါ်ဆောင်သွားလေ့ရှိသည်။ ထို့အပြင် သားဖြစ်သူကို အပျော်သဘော အနေဖြင့် သားကောင်တွေ့ပါက လေသေနတ်ပစ်သည့်နည်းကို သင်ကြားပေးခဲ့သည်။

ပစ်ခတ်လေ့ရှိကြ

သောမတ်စ်နှင့် သူ၏ဖခင် ဗင်းဆင့်ရိုမီရိုသောမတ်စ်တို့သည် တစ်ပတ်တစ်ခါ တောတွင်းသို့ သားကောင်ပစ် ထွက်လေ့ရှိသဖြင့် သောမတ်စ်အနေဖြင့် မိခင်အား သတိရသောစိတ်မှာ တဖြည်းဖြည်း ပြေပျောက်ကာ ယခင်ကအတိုင်းပင် ဖခင်နှင့် နေထိုင်ရသည်ကို ပြန်လည်ပျော်ရွှင်လာခဲ့သည်။ သူတို့ သားအဖနှစ်ဦးသည် တောထဲတွင် ယုန်လေးများ၊ ငှက်လေးများကို ပစ်လေ့ရှိကြသည်။

အဖော်ပြုခဲ့ရ

သောမတ်စ်၏အပျော်မှာ ကြာရှည်မခံခဲ့ပါ။ အကြောင်းမှာ အရွယ်ကောင်းသေးသောဖခင်မှာ ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် နောက်အိမ်ထောင် ပြုခဲ့သောကြောင့်

ဖြစ်သည်။ ထို့ကြောင့် သောမတ်စ် အနေဖြင့် ဖခင်အား လက်လွှတ်ဆုံးရှုံးသကဲ့သို့ ခံစားခဲ့ရကာ ဖခင်၏ အလုပ်သမားတစ်ဦးဖြစ်ပြီး အိမ်တွင် မိသားစုဝင်သဖွယ် နေထိုင်သူ တင်မိုသီရိုမန်နှင့်သာ အဖော်ပြုခဲ့ရတော့သည်။

နက်ရှိုင်းလှသောချောက်ကမ်းပါး

သောမတ်စ်သည် ထိုသို့စိတ်အနှောင့်အယှက် ဖြစ်နေချိန်တွင် ဒုတိယတန်းကျောင်းသားတစ်ဦးဖြစ်သူ သောမတ်စ်သည် တစ်နေ့တွင် ကျောင်းမှသူငယ်ချင်းလက်ဆောင်ပေးသော စာအုပ်တစ်အုပ်ကို ယူဆောင်လာခဲ့သည်။ မိထွေးဖြစ်သူက သောမတ်စ်သည် ကျောင်းမှ မတရားသောနည်းလမ်းဖြင့် ရယူခဲ့သည်ဟု ယူဆသဖြင့် သောမတ်စ်က အမှန်ကို ရှင်းပြသော်လည်း လက်မခံဘဲ ဖခင်အား တိုင်ကြားခဲ့မှုကြောင့် ဖခင်ကသူ့အား ရိုက်နှက်ခဲ့သည်။ သူ့အား ဖခင်က တစ်ကြိမ်တစ်ခါမျှ ပြင်းထန်စွာ မရိုက်နှက်ခဲ့ဖူးသဖြင့် မိထွေးကြောင့် သူ့အား ရိုက်နှက်သည်ဟု ယူဆကာ စိတ်ထဲတွင် နာကျင်စွာခံစားခဲ့ရသည်။ ထိုနာကျင်မှုသည် လူလားမမြောက်သေးသော သောမတ်စ်အား နက်ရှိုင်းလှသော ချောက်ကမ်းပါးအတွင်းသို့ တွန်းချခဲ့သည့် ဖြစ်ရပ်မျိုး ဖြစ်ပေါ်ခဲ့သည်။

သတိရ

ဖခင်အား စိတ်ခုနေသော သောမတ်စ်သည် နိုဝင်ဘာ၅ရက် ညနေပိုင်းက ကျောင်းမှပြန်လာပြီး အိမ်ရှိ ထိုင်ခုံတွင် ထိုင်ကာ သူတို့သားအဖနှစ်ဦး တောလိုက်ထွက်စဉ် အသုံးပြုလေ့ရှိသော လေသေနတ်အား ယူငင်ကိုင်တွယ်ကြည့်နေသည်။ ဖခင်ဖြစ်သူသည် နောက်အိမ်ထောင်ပြုကတည်းက သားဖြစ်သူနှင့်အတူ တောလိုက်ထွက်သောအလုပ်ကို လုံးဝမလုပ်တော့ချေ။ ထို့ကြောင့် ဖခင်နှင့် တောထဲသို့သွားလာခဲ့ရသောအချိန်ကို သတိရကာ လေသေနတ်ကို ကိုင်ကြည့်နေခြင်း ဖြစ်သည်။ မိထွေးဖြစ်သူသည် သူရောက်လာကတည်းက အိမ်အပြင်သို့ ထွက်သွားသည်။

ထင်မြင်မိခဲ့

မှောင်စပျိုးချိန်တွင်မှ ဖခင်နှင့်တင်မိုသီတို့အလုပ်မှပြန်လာကြသည်။ ထိုအချိန်တွင် ဖခင်အား မကျေနပ်စိတ် အခံရှိနေသော သောမတ်စ်သည် ကလေးပီပီ မထင်မှတ်ဘဲ ရှေ့မှလာနေသော ဖခင်အား လေသေနတ်ဖြင့် နှစ်ချက်ဆင့်ပစ်ချလိုက်သည်။ ထိုအချိန်တွင် ဖခင်၏နောက်မှပါလာသော တင်မိုသီသည် သူ့ထံသို့ ပြေးဝင်လာသဖြင့် နှစ်ချက်ဆင့် ထပ်မံပစ်ချလိုက်ပြန်သည်။ ထို့ကြောင့် ဖခင်နှင့်တင်မိုသီတို့ နှစ်ဦးစလုံး လဲကျသွားကြတော့သည်။ သောမတ်စ်သည် ကလေးဖြစ်သည့်အလျောက် သူ၏ပစ်ခတ်မှုသည် ဖခင်အား ဒဏ်ရာအနာတရဖြစ်ရုံသာ ဖြစ်စေပြီး အသက်အန္တရာယ် မထိခိုက်နိုင်ဟု ထင်မြင်မိခဲ့သည်။ သူအလွန်ချစ်ခင်လေးစားရသော ဖခင်အား သေစေမည်ဟုလည်း မထင်မိခဲ့ပေ။ သို့သော်သူထင်သလို မဟုတ်ဘဲ ဖခင်နှင့် တင်မိုသီမှာသေဆုံးသွားခဲ့ပေပြီ။ နောက်ဆုံးတွင်မူ ကလေးဖြစ်သည့် သောမတ်စ်သည် မျက်ရည်ကို အဖော်ပြုရင်း ရဲတပ်ဖွဲ့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရသည်။

အကြိမ်ကြိမ်တောင်းပန်

ကလေးဖြစ်သူ သောမတ်စ်သည် ကြောက်လန့်ကာဖုံးကွယ်ထွက်ဆိုခဲ့သော်လည်း နောက်ဆုံးတွင် ဟုတ်တိုင်းမှန်ရာကို ဝန်ခံထွက်ဆိုခဲ့ရသည်။ သောမတ်စ်ကို နိုဝင်ဘာ၂၄ရက်က ထပ်မံစစ်ဆေးခဲ့သည်။ သူ့အား ကလေးသူငယ်တရားရုံးတွင် စစ်ဆေးရင်း အချုပ်ခန်းတွင် အခြားကလေးငယ်များနှင့် ရောနှောမထားဘဲ သီးသန့်ထားကြောင်း၊ အီရင်က သားထံသို့ သွားတွေ့ရင်း သူမတွေ့ခဲ့ရသည်ကို ရှင်းပြခဲ့သည်။ သောမတ်စ်သည် အတိတ်က ကြည်နူးချမ်းမြေ့ဖွယ်ရာ စိတ်ကူးယဉ်အိပ်မက်ကမ္ဘာမှ ပြန်လည်နိုးထလာချိန်တွင် ဖခင်ဖြစ်သူအား ခွင့်လွှတ်ပါတော့ ဖေဖေရယ်ဟုသာ ရင်ထဲ၌ အကြိမ်ကြိမ်တောင်းပန်နေမိတော့သည်။

ယခုဖြစ်ရပ်တွင် သားဖြစ်သူကို လေသေနတ်ပစ် လေ့ကျင့်သင်ကြားပေးမိသော အသက်၂၉နှစ်ရှိ ဗင်းဆင့်ရိုမီရိုသောမတ်စ်သည် သား၏ မထင်မှတ်သော ဒေါသသင့်လုပ်ရပ်ကြောင့် အသက်ဘေးအန္တရာယ်ကြုံခဲ့ရပြီး တပည့်ဖြစ်သူ အသက် ၃၉နှစ်ရှိ တင်မိုသီရိုမန်လည်း ဒုက္ခရောက်ခဲ့ရသောအဖြစ်ကို သင်ခန်းစာယူဖွယ်ဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်

နဝမအကြိမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၂-၃)ရက်နေ့

နေပြည်တော်

တိုင်းရင်းဆေး ဘယကင်းဝေး ပြည်သူ့ကျန်းမာရေး

မြန်မာ့အမွေမှန် ဘိုးဘွားပညာဟန် တိုင်းရင်းဆေးညီလာခံ

ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း၊ရေ၊လေ)ရုံး၊ဌာနများ ဆောင်းရာသီ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၀၈ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများ၏ စခန်းမှူးဒိုင်း ဆောင်းရာသီ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ညနေ ၃နာရီခွဲက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်လှအောင်သိန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ စတင်ယှဉ်ပြိုင်ကစားကြသည်။ **(သတင်းစဉ်)**

အမျိုးသားနေ့ အခမ်းအနား စဉ့်ကူးမြို့၌ ကျင်းပ

စဉ့်ကူး နိုဝင်ဘာ ၂၈

၂၀၀၈ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉နာရီက စဉ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်လှုက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကိုဖတ်ကြားသည်။

ဂုဏ်ပြုဆုပေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူတို့က အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၃၀-၁၁-၂၀၀၈ ရက်နေ့

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက်

၁၄-၁၂-၂၀၀၈ ရက်နေ့နှင့် ၂၈-၁၂-၂၀၀၈ ရက်နေ့

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကလေး နိုဝင်ဘာ ၂၈

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး မင်းထက်သာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် ငွေနှင့် ပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ၂၂ရက် မွန်းလွဲ ၂ နာရီက ကလေးမြို့နယ် သာစည်အုပ်စု မြောင်းဆုံကျေးရွာရှိ အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ အုပ်စုဥက္ကဋ္ဌ ဦးတင်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ဆွေးနွေးဟောပြောသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး မင်းထက်သာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ကျေးရွာပြည်သူများက ငွေကျပ်၂၅၀၀၀၊ ငွေကျပ်၃၈၅၀၀၀တန်ဖိုးရှိ သုတ၊ရသစာအုပ်မျိုးစုံ၃၈၁အုပ်နှင့် ငွေကျပ်၁၅၀၀၀၀တန်ဖိုးရှိ စားပွဲ၊ကုလားထိုင်များ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးသောက်လျှံက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မင်းထက်သာ အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ အဆောက်အအုံသစ်မှာ သွပ်မိုး၊ ကပ်ကာ၊ ပျဉ်ခင်း အဆောက်အအုံဖြစ်ပြီး မြေနေရာအပါအဝင် ငွေကျပ်သိန်း၂၀ တန်ဖိုး ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကတ္တရာထပ်ပိုးလွှာခင်း

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ညောင်ပင်ဈေးလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ဇာခြည်နုတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြောက်ဦးစည်ပင် မြို့ပတ်လမ်းအပိုင်း(၂) ကျောက်ချောခင်း

မြောက်ဦး နိုဝင်ဘာ ၂၈

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း/တံတား(ငွေလုံးငွေရင်း)လုပ်ငန်းဖြစ်သော မြို့ပတ်လမ်းအပိုင်း(၂)ကျောက်ချောခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၅ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ကကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန်ထိန်းသိမ်းခြင်း ဆွေးနွေးဟောပြောပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

Zifam Pinnacle Pty Ltd.က ကြီးမှူး၍ အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း နည်းလမ်းများ ဆွေးနွေးဟောပြောပွဲကို နိုဝင်ဘာ ၂၃ရက် ညနေ ၅နာရီခွဲက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခဦးစောနိုင်ကဆောင်ရွက်ပြီး Zifam Pinnacle Pty Ltd. မန်နေဂျင်း ဒါရိုက်တာ Mr.Chander Khanna က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ဝင်းက အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန်ထိန်းသိမ်းခြင်း နည်းလမ်းများခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး Zifam Pinnacle Pty Ltd.,မှ ဒေါက်တာထွန်းနေလင်းက LOBESE Carbohydrate Blocker Product အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာပတိ ပါမောက္ခ ဦးစောနိုင်နှင့် ပါမောက္ခဒေါက်တာဦးခင်မောင်ဝင်း**(အပေါ်ပုံ)**တို့ကတက်ရောက်လာကြသူများ၏မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

စံပြုထား

LOBESE ဆေးဝါးသည် သဘာဝပစ္စည်းဖြစ်ပြီး White Kidney Bean ခေါ်သည့် ပဲတစ်မျိုးမှ သန့်စင်ထားသည့် Phaseolus Vulgaris 500-mg ပါဝင်သည်။ နိုင်ငံတကာတွင် Kidney Bean ကို ကျန်းမာရေးအတွက် အကောင်းဆုံးအစာ(World's Healthiest Food) အဖြစ် စံပြုထားသည်။

ဘေးထွက်ဆိုးကျိုးမရှိ

LOBESE သည် အစာစားချင်စိတ် လျော့ကျ၍ ခံတွင်းပျက်အောင် လုပ်ဆောင်ခြင်းမရှိ၊ စားသုံးသည့်အစာတွင်ပါရှိသည့် Carbohydrate များကို ခန္ဓာကိုယ်ထဲမှ စုပ်ယူမှုနည်းအောင် တားဆီးပေးခြင်းဖြစ်သည်။ LOBESE သောက်သုံးပြီး ကယ်လိုရီ ၃၀၀ပါဝင်သည့် ထမင်းတစ်ပန်းကန် စားသုံးသည့်အခါ ကယ်လိုရီ၅၀သာ ရရှိမည်ဖြစ်သည်။ အစားအစာများကို ပုံမှန်ထက် လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန်ကျဆင်းအောင်LOBESE က ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ LOBESE သောက်သုံးခြင်းကြောင့် သုတေသနပြုလုပ်တွေ့ရှိချက်အရ တစ်လလျှင် ကိုယ်အလေးချိန် ခြောက်ပေါင်မှ ခုနစ်ပေါင်ခန့်အထိ ကျဆင်းသည်ကို တွေ့ရှိရသည်။ အစာမစားမီ ၁၅ မိနစ်ခန့် အလိုတွင် LOBESE တစ်လုံးသို့မဟုတ် နှစ်လုံးကို တစ်နေ့နှစ်ကြိမ် သောက်သုံးနိုင်ပြီး ရေရှည်တွင် ဘေးထွက်ဆိုးကျိုး မရှိကြောင်း သိရှိရသည်။

LOBESE သည် စားသုံးသည့်အစာများထဲမှ ကစီဓာတ် စုပ်ယူမှုကို ပိတ်ပင်ခြင်းဖြစ်သည်။ အသားဓာတ်မှ ရရှိသည့် ကယ်လိုရီများကို ပိတ်ပင်ခြင်း မရှိပေ။ ထို့ပြင် အစာများတွင်ပါရှိသည့် ဗီတာမင်နှင့် သက်စောင့် Mineral ဓာတ်များကို ပုံမှန်ရရှိမည်ဖြစ်သည်။ LOBESEသည် အာလူး၊ ဂျုံ၊ ထမင်း အစရှိသည့် ကစီဓာတ်ကြွယ်ဝသည့် အစားအစာများကို မစားရလျှင်မနေနိုင်သူများအတွက် ကိုယ်အလေးချိန် ထိန်းသိမ်းရာတွင် အထောက်အကူပြုသည့် သဘာဝပစ္စည်းဖြစ်သည်။

အကျိုးရှိရှိသုံးစွဲနိုင်

LOBESE၏ ရည်ရွယ်ချက်သည် အန္တရာယ်ကင်းရှင်းရန်၊ ရေရှည်တွင် အမှန်တကယ် အကျိုးရှိရန်နှင့် ကျန်းမာစွာ ကိုယ်အလေးချိန်ကျဆင်းစေရန်တို့ ဖြစ်သည်။ မိမိ၏စားသုံးမှုပုံစံကို ရေရှည် မပြောင်းလဲနိုင်သူများ အားလုံးသည် LOBESE ကို အကျိုးရှိရှိ သုံးစွဲနိုင်ပြီး ကျန်းမာရေး အဆင့်မြင့်လာစေမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံထုတ်LOBESE ကို Zifam Pinnacle Pty Ltd. ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ဒဂုံတာဝါ အခန်းအမှတ် ၁၀၃ ဖုန်း- ၅၄၈၆၁၄၊၅၄၄၄၆၇e-mail:zifamltd.,@mptmail.net.mm.www.zifamp-innacle.com က တင်သွင်း ဖြန့်ချိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

29-11 (06).pmd 1 11/29/2008, 3:17 AM

အမျိုးသမီးရေးရာ ငယ်ရွယ်အဖွဲ့ဝင် ကျောင်းသူများ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ဦးစီးသည့် အမျိုးသမီးရေးရာ ငယ်ရွယ်အဖွဲ့ဝင် ကျောင်းသူများသည် ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်သို့ သွားရောက်လေ့လာကြသည်။ **(အပေါ်ပုံ)**

ပါဝင်

အဆိုပါလေ့လာရေးအဖွဲ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ငယ်ရွယ်အဖွဲ့ဝင် ကျောင်းသူများ စုစုပေါင်း အင်အား ၁၅၀ ပါဝင်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက် ပြတိုက်မှူး ဒုတိယရဲမှူး ကျော်ဇောမြင့်နှင့် လက်ထောက်ပြတိုက်မှူး ဒုတိယရဲမှူးအောင်နိုင်တို့က မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား ကြသည်။

ရှင်းလင်းပြသ

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ ငယ်ရွယ်အဖွဲ့ဝင် ကျောင်းသူများအား ပြတိုက်မှူးနှင့် ဒုတိယပြတိုက်မှူးတို့က အဖွဲ့နှစ်ဖွဲ့ခွဲကာ ပြတိုက်အတွင်း ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးပြကွက်များကို လိုက်လံရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)

သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း မြောက်ဥက္ကလာတွင်ဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၈

မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ကြိုတင်ကာကွယ်

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုတို့ကို ကဏ္ဍအလိုက် ဆင့်ပွားပို့ချ ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူ ၆၈ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၀၈ရက် (စနေနေ့)

AM & PM

၇:၀၀ - ၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅ "တရားစုဆောင်းအဖော်ကောင်း" တရားတော (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသ)
၈:၀၀ - ၂:၀၀ တန်ဆောင်တိုင်ခါပြင်ဦးလွင်မှာ
၈:၃၀ - ၂:၃၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၈:၅၅ - ၂:၅၅ ရွှေဖြူဟုခေါ်သည် (အပိုင်း-၂)
၉:၂၀ - ၃:၂၀ ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀ တစ်ပတ်အတွင်း အားကစားသတင်း
၉:၄၅ - ၃:၄၅ တေးဂီတအစီအစဉ်
၉:၅၀ - ၃:၅၀ မြတ်ဗုဒ္ဓအလိုတော်ကျချမ်းသာစစ်ချမ်းသာမှန်ရရှိစေမည့် တရားတော် [ဒေါက်တာချစ်ငယ်(ဒသဿန)Ph.D]
၁၀:၂၅ - ၄:၂၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၃၀ - ၄:၃၀ ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
၁၀:၅၀ - ၄:၅၀ မိုးလေဝသခန့်မှန်းချက်
၁၁:၀၀ - ၅:၀၀ Golf ချစ်သူများအတွက်သတင်းအချက်အလက်
၁၁:၀၅ - ၅:၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ - ၅:၁၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာ S.S ခင်မောင်အေးနှင့်တွေ့ဆုံခြင်း)
၁၁:၄၀ - ၅:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ - ၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀ - ၅:၅၀ ဘူးခါးပေါ်မှစိတ်ကူးလက်ရာ
၁၁:၅၅ - ၅:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ - ၆:၀၀ သွားမယ်စားမယ် (365 Cafe)
၁၂:၂၀ - ၆:၂၀ ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၁၂:၃၅ - ၆:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ - ၆:၄၀ Shopping Guide (ရွှေပြည်တန်ခိုးထည်တိုက်)
၁:၀၀ - ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Middlesbrough -Newcastle	ESPN (Live)
	Aston Villa-Fulham	Star Sport(Live)
၁၁:၅၅	Sunderland-Bolton	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Juventus-Reggina	5-Cartoons(Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Bournemouth-Blyth Spartans	Star Sports(Live)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၀၈ ခုနှစ် ဒီဇင်ဘာလ (၃) ရက်

"International Day of Disabled Persons"

"Dignity and Justic for all of us"

အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၂၈

ယနေ့ မြန်မာစံတော်ချိန် ညနေ၃နာရီ မိနစ်၂၀ ၄၈စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၆၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နေပြည်တော် ပျဉ်းမနား-ရွှေညောင်/လွိုင်ကော် လမ်းပိုင်းသစ်တွင် ပြေးဆွဲမည့်ရထား အချိန်စာရင်း

နေပြည်တော် နိုဝင်ဘာ ၂၈

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းသစ်မှ ပြေးဆွဲမည့် နေပြည်တော် ပျဉ်းမနား-ရွှေညောင်၊ ရထားအမှတ် ၁၄၁ အဆန်/၁၄၂ အစုန်နှင့် နေပြည်တော် ပျဉ်းမနား လွိုင်ကော်၊ ရထားအမှတ် ၁၄၇ အဆန်/၁၄၈ အစုန်၊ သာစည်-ရပ်စောက်၊ ရထား အမှတ် (၁၄၃) အဆန်၊(၁၄၄)အစုန် ရထားများအား ၁-၁၂-၂၀၀၈ရက်မှစ၍ အောက်ပါအချိန်ဇယားအတိုင်း စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

၁-၁၂-၂၀၀၈ ရက်မှစ၍ နေပြည်တော် ပျဉ်းမနား-ရွှေညောင် လမ်းပိုင်းသစ်တွင် ပြေးဆွဲမည့် ရထားအမှတ်(၁၄၁)အဆန်/(၁၄၂) အစုန်ရထား အချိန်စာရင်း

စဉ်	ခရီးစဉ်		ရထားအမှတ်	ထွက်ချိန်	ရောက်ချိန်	မှတ်ချက်
	မှ	သို့				
၁	နေပြည်တော် ပျဉ်းမနား	အောင်ပန်း	၁၄၁-အဆန်	၂၃:၀၀	၁၀:၄၆	
၂	အောင်ပန်း	ရွှေညောင်	။	၁၁:၀၁	၁၃:၃၅	
၃	ရွှေညောင်	အောင်ပန်း	၁၄၂-အစုန်	၁၀:၃၀	၁၃:၅၉	
၄	အောင်ပန်း	နေပြည်တော် ပျဉ်းမနား	။	၁၄:၁၄	၀၃:၀၀	

၁-၁၂-၂၀၀၈ရက်မှစ၍ နေပြည်တော် ပျဉ်းမနား-လွိုင်ကော်လမ်းပိုင်းသစ်တွင် ပြေးဆွဲမည့် ရထားအမှတ်(၁၄၇)အဆန်/(၁၄၈)အစုန်ရထားအချိန်စာရင်း

စဉ်	ခရီးစဉ်		ရထားအမှတ်	ထွက်ချိန်	ရောက်ချိန်	မှတ်ချက်
	မှ	သို့				
၁	နေပြည်တော် ပျဉ်းမနား	အောင်ပန်း	၁၄၇အဆန်	၂၂:၃၀	၀၉:၃၅	
၂	အောင်ပန်း	လွိုင်ကော်	။	၀၉:၅၅	၂၀:၁၅	
၃	လွိုင်ကော်	အောင်ပန်း	၁၄၈အစုန်	၀၅:၄၅	၁၅:၀၀	
၄	အောင်ပန်း	နေပြည်တော် ပျဉ်းမနား	။	၀၅:၂၀	၀၃:၃၀	

၁-၁၂-၂၀၀၈ရက်မှစ၍ သာစည်-ရပ်စောက်ခရီးစဉ်ရထားအမှတ် (၁၄၃)အဆန်/(၁၄၄)အစုန်ရထား အချိန်စာရင်း ပြင်ဆင်ချက်

စဉ်	ခရီးစဉ်		ရထားအမှတ်	ထွက်ချိန်	ရောက်ချိန်	မှတ်ချက်
	မှ	သို့				
၁	သာစည်	အောင်ပန်း	၁၄၃အဆန်	၀၅:၀၀	၁၂:၁၀	
၂	အောင်ပန်း	ရပ်စောက်	။	၁၂:၂၅	၁၉:၁၉	
၃	ရပ်စောက်	အောင်ပန်း	၁၄၄အစုန်	၀၆:၃၀	၁၂:၁၉	
၄	အောင်ပန်း	သာစည်	။	၁၂:၃၄	၂၀:၄၅	



အမျိုးသားစာပေဆု(သုတပဒေသာ၊ အသုံးချသိပ္ပံ)တွင် ဆုရရှိခဲ့သော ဒေါက်တာချစ်။
(မြန်မာ့အလင်း)

❒ ကျောဖုံးမှ

မြန်မာစာပေအတွက် ကြိုးစားအားထုတ်ရေးသားခဲ့မှုများကို ပြည်သူများသိရှိစေရန် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းနှင့် သွားရောက် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဆရာကြီးမှာ ခြေထောက်ဒဏ်ရာကြောင့် အိပ်ရာထဲလဲနေရာမှ အားယူထပြီး မြန်မာစာပေအတွက် အမျိုးသားစာပေ တစ်သက်တာစာပေဆု ရရှိခြင်းအပေါ် ဝမ်းသာစွာဖြင့် လက်ရှိ မြန်မာစာပေလောက အခြေအနေများကို ပြောပြခဲ့သည်။

ပေါ့ပေါ့တန်တန်ရေးနေ

ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းက မြန်မာစာပေအတွက် အကြံပြုပြောကြားရာတွင် ''အခုလောလောဆယ် မြန်မာစာပေနဲ့ပတ်သက်လို့ ပြောချင်တာက မြန်မာစာကို အလွယ်တကူ ပေါ့ပေါ့တန်တန် ရေးနေ၊ ပြောနေကြတာ မကောင်းပါဘူး။ မြန်မာစာဟာ အင်္ဂလိပ်စာလို မဟုတ်ပါဘူး။ အသုံးအနှုန်း အရေးမှားရင် ဖတ်သူအတွက် အဓိပ္ပာယ်အလွဲကို အမှန်ဟု ထင်သွားစေပါတယ်။ စာလုံးပေါင်းသတ်ပုံ မှားယွင်းမှုလေးတွေကအစ အဓိပ္ပာယ်ကို အများကြီး ပြောင်းလဲသွားစေတယ်။ အခေါ်အဝေါ်သုံးနှုန်းမှုကို ရေးသားရာမှာ အစ်ကိုဖြစ်သူက သူ့အောက်မှ 'နှမ'ကို 'ညီမ'ဟု သုံးခြင်းမှာ မှားပါတယ်။ ရေရေလည်လည်၊ အေးအေးဆေးဆေးကို ရေလည်၊ အေးဆေးဟု အမှားသုံးနေတာတွေ့ရတယ်။ အဲဒီလို အသုံးမှား အရေးမှားခြင်းတွေက မကောင်းပါဘူး''ဟုစာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းက မြန်မာ့အလင်းသို့ ဦးစွာပြောပြသည်။

''မြန်မာစာကို တန်ဖိုးထားစေချင်ပါတယ်။ မိမိတို့အမျိုးသားစာနဲ့ စကားကိုမှ အလေးမထားရင် မြန်မာစာဆိုတာ ရေရှည်မှာ အဓိပ္ပာယ်မဲ့သွားနိုင်ပါတယ်။ စကားပြေကို စကားပြောပုံစံနဲ့ရေးခြင်းများကို အချို့စာများတွင် တွေ့နေရပါတယ်။ တိုးတက်အောင် တီထွင်တာကောင်းပေမယ့် မြန်မာစာကိုတော့ ပျက်စီးအောင် မထွင်ကြစေလိုပါဘူး။ ဒီနေ့ခေတ်လူငယ်တွေအနေနဲ့ ပျက်စီးတာနဲ့ တိုးတက်တာ ခွဲခြားသိဖို့လိုပါတယ်။ မြန်မာစာဟာ အလွန်မှ ခက်ခဲနက်နဲ ကျယ်ပြန့်ပါတယ်။ မြန်မာစာပေလောက ထုတ်ဝေသူများကလည်း စီးပွားဖြစ်ရုံစာအုပ်များသာ မထုတ်ကြစေလိုဘဲ မြန်မာစာကို တန်ဖိုးထား တစိုက်မတ်မတ် ရေးသားနေကြတဲ့ စာရေးဆရာကြီးများရဲ့ ရေးသားမှုများကိုလည်း ထုတ်ဝေစေချင်ပါတယ်။ မြန်မာစာကို အလေးထားအောင်၊ တန်ဖိုးရှိအောင် ပြုလုပ်စေချင်ပါတယ်''ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ကျေးလက်ဝတ္ထုတို

ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းသည် '**ကိုဆေးရိုး**' ကျေးလက်ဝတ္ထုတို ပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆု နှစ်ကြိမ် ရရှိခဲ့ပြီး '**နေမင်းတစ်ထောင်**' ဝတ္ထုရှည်စာအုပ်ဖြင့် အမျိုးသားစာပေဝတ္ထုရှည်ဆုကို ၂၀၀၆ခုနှစ်တွင် ရရှိခဲ့သည်။ ယခု ၂၀၀၇ ခုနှစ်အတွက် '**အမျိုးသားစာပေတစ်သက်တာဆု**'ကို ရရှိခဲ့ခြင်းဖြစ်သည်။ ဆရာကြီးသည် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုကိုလည်း ၂၀၀၄ခုနှစ်တွင် ရရှိခဲ့သူဖြစ်သည်။ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းသည် အသက်၈၀ခန့် ရှိနေပြီဖြစ်သော်လည်း စာပေများကို ဆက်လက်ရေးသားနေဆဲဖြစ်သည်။ ဆရာကြီး၏ စာရေးသက်တမ်း ၅၂နှစ်အတွင်း ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ရှည် များစွာကို ရေးသားခဲ့သလို စာပေဆိုင်ရာဆုများကိုလည်း ပြည်တွင်းရော ပြည်ပကပါ ရရှိခဲ့သူဖြစ်သည်။ မြန်မာစာပေအတွက် လေးစားဂုဏ်ယူရသော ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းအား သူ၏ဘဝတစ်သက်တာ၌ စာပေအတွက် ကြိုးပမ်းအားထုတ်



အမျိုးသားစာပေဆု(သုတပဒေသာ၊ အသုံးချသိပ္ပံ)တွင် ဆုရရှိခဲ့သော ဒေါက်တာချစ်၏ ''ကျေးလက်စီးပွား ပြည်သူ့အား''စာအုပ်ကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

ရေးသားမှုများကို နိုင်ငံတော်မှ အသိအမှတ်ပြုသောအားဖြင့် '**အမျိုးသားစာပေတစ်သက်တာဆု**' ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာချစ်

ဆက်လက်ပြီး ''**ကျေးလက်စီးပွား ပြည်သူ့အား**'' စာအုပ်ဖြင့် အမျိုးသားစာပေဆု (သုတပဒေသာ၊ အသုံးချသိပ္ပံ)ကို စာရေးဆရာ ဒေါက်တာချစ်က ရရှိခဲ့ပြီး၊ ၂၀၀၄ခုနှစ်ကလည်း အမျိုးသားစာပေဆု(သုတပဒေသာ၊ အသုံးချသိပ္ပံ)ရရှိခဲ့ဖူးသူဖြစ်သည်။

''**ကျေးလက်စီးပွား ပြည်သူ့အား**'' စာအုပ်တွင် ကျေးလက်တောင်သူတို့ စနစ်တကျ နည်းလမ်းမှန်ကန်စွာ စိုက်ပျိုးနိုင်ကြရေးအတွက် သိမှတ်ဖွယ်ရာများ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဆိုင်ရာ ခေတ်မီနည်းစနစ်များ၊ အိမ်တွင်းမှု လုပ်ငန်းများကို စနစ်တကျ အသေးစိတ်ပြုစုထားသော စာအုပ်ဖြစ်သည်။ စာမျက်နှာပေါင်း ၃၇၈ မျက်နှာပါရှိပြီး ရောင်စုံရုပ်ပုံများဖြင့် စိတ်ဝင်စားဖွယ်ရေးသားထားသော ပြည်သူ့အကျိုးပြု စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

ဒေါက်တာချစ်ကို မလှိုင်မြို့နယ် ဘောက်ခွေးတောရွာတွင် အဖ ဦးမြတ်ထွန်းနှင့် အမိ ဒေါ်နှင်းချယ်တို့က ၁၉၃၅ခုနှစ်၌ မွေးဖွားခဲ့သည်။ စိုက်ပျိုးရေးတက္ကသိုလ်များမှ သိပ္ပံဘွဲ့နှင့်ပါရဂူဘွဲ့များ ရရှိခဲ့ပြီး ၁၉၆၀ပြည့်နှစ်၌ မြေယာကျေးလက်ကြီးပွားတိုးတက် ကော်ပိုရေးရှင်းတွင် အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ရေးရာ အတွင်းရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးစသည့် တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ရန်ကုန်မြို့ သုဝဏ္ဏတွင်နေထိုင်ကာ စာပေများရေးသားလျက်ရှိသည်။ ဒေါက်တာချစ်မှာ ခရီးလွန်နေကြောင်း သမီးဖြစ်သူ စာပေဆုရစာရေးဆရာမ စန္ဒာခင်က မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ။

(**မြန်မာ့အလင်း**)



နံရံပန်းချီမှ ပြောသော ပုဂံခေတ်ပုံရိပ်များ

စာရေးဆရာမစန္ဒာခင်၏ အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ)ဆု ရရှိခဲ့သည့် ''နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များ''**စာအုပ်မျက်နှာဖုံး။**
(မြန်မာ့အလင်း)

ဘာသာပြန် ဆရာကောင်းဖြစ်ရန် စာများများဖတ်ဖို့လို မူရင်းစာရေးဆရာ၏အာဘော်ကို ထိမိအောင်ပြန်ဆိုသင့်

တွေ့ဆုံမေးမြန်းသူနှင့်ဓာတ်ပုံ-မြတ်စိုး(လှိုင်)

ရန်ကုန် နိုဝင်ဘာ ၂၈

ဘာသာပြန်စာအုပ်ပေါင်း၄၅အုပ်ရေးသားခဲ့ပြီး ယခုတစ်ကြိမ်နှင့်ပါဆိုလျှင် အမျိုးသားစာပေဆုသုံးကြိမ်(ဘာသာပြန်သုတတစ်ကြိမ်၊ ရသ နှစ်ကြိမ်) ရရှိထားပြီဖြစ်သည့် စာရေးဆရာတင်မောင်မြင့်အား ၎င်း၏နေအိမ်၌ မြန်မာ့အလင်းက သွားရောက်တွေ့ဆုံခဲ့သည်။



ဘာသာပြန်(ရသ)စာပေဆု

ယနေ့ထုတ်သတင်းစာများတွင် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီးဆင်ဖြူကျွန်း အောင်သိန်းနှင့်အတူ အခြားအမျိုးသားစာပေဆု၁၁မျိုးတွင် ဆုရရှိကြသူများ၏စာရင်း၌ ဆရာတင်မောင်မြင့်(**ယာပုံ**)သည် ''အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ''စာအုပ်ဖြင့် ဘာသာပြန်(ရသ)စာပေဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

✳ ကျောဖုံးမှ

ဒီစာအုပ်ရေးသားပြုစုဖို့အတွက် ဘွားဦးဇွန်းတည်ထောင်ခဲ့တဲ့ မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ပခုက္ကူနဲ့ ရန်ကုန် ဘိုးဘွားရိပ်သာတွေကို သွားရောက်လေ့လာခဲ့ပြီး ခရီးစရိတ်မှအစ စာမူခတွေကိုပါ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ စာမူပိုင်ဆိုင်ခွင့်ပါ တစ်ပါတည်းလှူဒါန်းခဲ့ပြီးဖြစ်ပါတယ်''ဟုစာရေးဆရာ တက္ကသိုလ်စိန်တင်က မြန်မာ့အလင်းသို့ ပြောပြသည်။

အံ့အားသင့်ဝမ်းသာ

အမျိုးသားစာပေဆုရရှိမှုနှင့် ပတ်သက်ပြီး ''ရုပ်မြင်သံကြားသတင်းမှာကြေညာမှသိရတယ်၊ မထင်ထားပါဘူး၊ မမျှော်လည်းမမျှော်လင့်ခဲ့ဘူး၊ ဒါကြောင့် သတင်းနားထောင်ပြီး အံ့အားသင့်ဝမ်းသာသွားတာ၊ တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရ၊ မေတ္တာစေတနာကရုဏာရှင် အမျိုးသမီးကြီး ဘွားဦးဇွန်း အတ္ထုပ္ပတ္တိစာအုပ်မျိုးကို ရွေးချယ် ဆုပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင် ဝမ်းမြောက်ရပါတယ်''ဟု တက္ကသိုလ်စိန်တင်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားခဲ့သူများကို မြန်မာလူငယ်များ စံနမူနာပြု၍ ကြိုးစားစေချင်ကြောင်း၊ ထို့ကြောင့် အတ္ထုပ္ပတ္တိစာအုပ်များကို တစိုက်မတ်မတ် ရေးသားပြုစုခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ စာရေးဆရာ တက္ကသိုလ်စိန်တင်သည် ''ပခုက္ကူဦးအုံးဖေဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ''



အမျိုးသားစာပေဆု(စာပဒေသာ)ဆု ရရှိခဲ့သည့် စာရေးဆရာ တက္ကသိုလ်စိန်တင်၏ ''တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရ မေတ္တာစေတနာကရုဏာရှင်အမျိုးသမီးကြီး ဘွားဦးဇွန်း'' **စာအုပ်မျက်နှာဖုံး။**
(မြန်မာ့အလင်း)

စာအုပ်ဖြင့် ၁၉၉၃ ခုနှစ်က အမျိုးသားစာပေဆုရရှိခဲ့ရာ ယခုအကြိမ်သည် ဒုတိယမြောက် အမျိုးသားစာပေဆု ရရှိခြင်းပင် ဖြစ်သည်။

စီစဉ်လျက်ရှိ

တက္ကသိုလ်စိန်တင်ကို တောင်ငူခရိုင် ဖြူးမြို့တွင် မြန်မာသက္ကရာဇ် ၁၂၉၇ခုနှစ်က အဖ ဆရာညွန့်နှင့် အမိ ဆရာမ ဒေါ်စုစုတို့က မွေးဖွားခဲ့ပြီး ဖြူးမြို့၊ညောင်ဦးမြို့နှင့် မင်းဘူးမြို့များတွင် ပညာသင်ကြားခဲ့ကာ ၁၉၆၄ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သူဖြစ်သည်။ အိုးဝေသတင်းစာနှင့်ဂျာနယ်တို့တွင် တာဝန်ခံအယ်ဒီတာ၊ ရုပ်ရှင်ကြေးမုံမဂ္ဂဇင်းနှင့်ဒေါင်းမြန်မာဂျာနယ်တို့တွင် အယ်ဒီတာချုပ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး စာပေရေးသားမှုဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ ရန်ကုန်ပညာရေးတက္ကသိုလ်ကထိက ဒေါ်တင်စိန်(စိမ့်၊ပညာရေး)နှင့် ၁၉၆၅ခုနှစ်တွင် လက်ထပ်ခဲ့ပြီး အတ္ထုပ္ပတ္တိစာအုပ်ပေါင်းများစွာ ရေးသားထုတ်ဝေခဲ့သည်။ ယခုအခါ ''နန်းမတော်မယ်နုရုပ်ပုံတော်'' စာအုပ်ထုတ်ဝေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယဉ်ကျေးမှုနှင့်အနုပညာ

အလားတူ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုရရှိခဲ့သည့်စာရေးဆရာမကြီးစန္ဒာခင်(ဒေါ်စန္ဒာခင်)က ''ကိုယ့်လုပ်ငန်းခွင် ဘာသာရပ်ထဲက အကြောင်းအရာတစ်ခုကို စာအုပ်ပြုစု ထုတ်ဝေခဲ့တာကို နိုင်ငံတော်က အမျိုးသားစာပေဆုရွေးချယ်ချီးမြှင့်လိုက်တာမို့ အတိုင်းအဆမရှိ ဂုဏ်ယူစရာဆုလာဘ်တစ်ခုပါပဲ။ ပိုပြီးကျေနပ်ပီတိဖြစ်ရတာက ကျွန်မရဲ့ ဌာနလုပ်ငန်းနဲ့သက်ဆိုင်တဲ့ အကြောင်းအရာစာအုပ်ဖြစ်ပြီး ဌာနအနေနဲ့ထုတ်ဝေတဲ့ စာအုပ်ဖြစ်တဲ့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနအတွက်ပါ ဂုဏ်ယူပီတိဖြစ်ရပါတယ်''ဟု စာရေးဆရာမကြီး စန္ဒာခင်က မြန်မာ့အလင်းသို့ ရွှင်ကြည်ဝမ်းမြောက်စွာ ပြောပြသည်။

စာရေးဆရာမကြီး စန္ဒာခင်(ဒေါ်စန္ဒာခင်)မှာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ဒေါ်စန္ဒာခင်ကို အဖ ဒေါက်တာချစ်နှင့် အမိ ဒေါ်ကြည်ကြည်ညွန့်တို့က ၁၉၆၁ခုနှစ်တွင် မိတ္ထီလာမြို့၌ မွေးဖွားခဲ့ပြီး ၁၉၈၅ခုနှစ်၌ မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)ရရှိခဲ့သူဖြစ်သည်။ ၁၉၈၆ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ သရုပ်ပြ၊ လက်ထောက်ကထိက ရာထူးများဖြင့် ရန်ကုန်တက္ကသိုလ်နှင့် စစ်တွေဒီဂရီကောလိပ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၉၄ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနသို့ သုတေသနအရာရှိဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရာ လက်ရှိအချိန်အထိဖြစ်သည်။

ရှင်းပြ

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရရှိခဲ့သည့် ''**နံရံပန်းချီမှ ပြောသော ပုဂံခေတ် ပုံရိပ်များ**'' စာအုပ်ပြုစုခဲ့ရခြင်းနှင့်ပတ်သက်၍လည်း ''ပုဂံခေတ်မှာ ဘာသာရေးနဲ့ သက်ဆိုင်တဲ့ ဇာတ်နိပါတ်တော်တွေကို မြေမီးဖုတ် ရုပ်ကြွများပြုလုပ်ခဲ့တာတွေ၊ အင်္ဂတေရုပ်ကြွတွေနဲ့ ပြုလုပ်ခဲ့တာတွေ၊ ဘုရားဂူ၊ ကျောင်းနံရံတွေမှာ ပန်းချီရေးဆွဲမှုတွေဟာ ပေါ်ပေါ်လွင်လွင် ရှိခဲ့ပါတယ်။ ဒီစာအုပ်မှာ သာမန်လူတွေအဖို့ စာတွေဖတ်ရှုရတာထက် အလွယ်တကူ နားလည်သဘောပေါက်စေဖို့ ရုပ်ပုံတွေကို ဦးစားပေးဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။ နံရံဆေးရေးပန်းချီတွေရဲ့ အခန်းကဏ္ဍကို ပေါ်လွင်အောင် ဖော်ညွှန်းတင်ပြလိုခြင်းလည်း ပါဝင်ပါတယ်''ဟု ဆရာမကြီးဒေါ်စန္ဒာခင်က ရှင်းပြသည်။

အခိုင်အမာရှိခဲ့

နံရံဆေးရေးပန်းချီများကို ခြုံငုံလေ့လာသည့်အခါ ရှေးမြန်မာတို့၏ စိတ်ဓာတ်အဆင့်အတန်းနှင့် အတတ်ပညာများသည် အံ့မခန်းတိုးတက်မြင့်မားခဲ့သည်ကို တွေ့ရှိရသဖြင့် မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်နယ်မြေ၊ ကိုယ်ပိုင် ယဉ်ကျေးမှု၊ ကိုယ်ပိုင်စကားနှင့် ကိုယ်ပိုင်စာပေများအခိုင်အမာရှိခဲ့ကြောင်း ယနေ့ လူငယ်တွေကို သိရှိအောင် ပြသနိုင်ခဲ့သည်။

''ဒီစာအုပ်မှာ ပုဂံခေတ်ရဲ့ လူနေမှုဘဝ၊ ယုံကြည်ကိုးကွယ်မှုနှင့် အနုသုခုမပညာတွေကို လေ့လာဖတ်ရှုတဲ့သူတွေ လွယ်ကူစွာ သိရှိနိုင်ဖို့အတွက် သရုပ်ပြပုံ ၇၀၊ စာမျက်နှာ ၁၆၀နဲ့ ဖွဲ့စည်းထားပြီး ပြည်တွင်းမှာသာမက ပြည်ပအထိသို့ သိရှိ ပျံ့နှံ့စေရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီနှစ်မှာ အမျိုးသားစာပေဆုရရှိခဲ့သလို ဖခင်ဖြစ်သူဒေါက်တာချစ်ကလည်း သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရရှိခဲ့တာမို့ ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်ရပါတယ်''ဟု စာရေးဆရာမကြီး စန္ဒာခင်က မြန်မာ့အလင်းသို့ ဆက်လက်ပြောပြသွားသည်။

အမျိုးသားစာပေဆု ရရှိခဲ့ကြသော စာရေးဆရာ၊ ဆရာကြီးများနှင့် တွေ့ဆုံ မေးမြန်းအပြီး အပြန်ခရီးတွင် စာပေနှင့် မွေ့ပျော်နေတတ်သော စာပေပညာရှင်တို့၏ စိတ်ဓာတ်နှင့် စာပေရေးသားပြုစုမှုကို လေးစားစိတ်တို့ ရင်ထဲ၌ ကိန်းအောင်းလျက်....။ ။ (**မြန်မာ့အလင်း**)

● *ကျော်ဖုံးမှ*

"ဒီလယ်ကွင်းတွေထဲမှာ ရေပြည့်နေတာက နွေစပါးအတွက် အသင့်ပြင်ဆင်နေတာလေ။ သနပ်ပင်မြို့နယ်မှ ပဲခူး-စစ်တောင်းတူးမြောင်းကလည်း လယ်ရေရတော့ စိုက်ပျိုးရေးအတွက်က ပူစရာမလိုတဲ့ မြို့နယ်ပေါ့"ဟု သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသည့် ပဲခူးတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းက လယ်ကွင်းများကို လက်ညှိုးထိုးပြရင်း ပြောပြပါသည်။

သတိပြုမိ

ပဲခူးတိုင်းသည် ပထဝီမြေအနေအထားအရ ဆန်စပါးနှင့် အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်မှု အသင့်တော်ဆုံးတိုင်းဟုပင် ဆိုရမည် ဖြစ်သည်။ မြေပြန့်ပေါများသည့်အပြင် ဆည်မြောင်း၊ တာတမံနှင့်အင်း၊ အိုင်၊ချောင်း၊မြောင်းများလည်းပေါများလှသည်ဖြစ်ရာ စိုက်ပျိုးရေးအတွက် သဘာဝက အရန်သင့်ဖြည့်ဆည်းပံ့ပိုးပေးထားသည်ကို သတိပြုမိသည်။

"ပဲခူးတိုင်းအတွင်းမှာ မနှစ်က စိုက်ပျိုးနိုင်တဲ့မြေဟာ ၃၂၉၇၈၅၅ ဧကရှိပြီး လက်ရှိစိုက်ပျိုးမြေကတော့ ၃၂၅၇၅၈၉၉ဧကဖြစ်ပါတယ်။ ဒီအထဲမှာလယ်ယာမြေမှာ ဧက ၂၆၂၃၃၈၀ ဖြစ်ပြီး စုစုပေါင်း ၆၇၀၉၈၅၅ ဧက စိုက်ပျိုးလုပ်ကိုင်နေကြတာပေါ့။မိုးမှာ စိုက်ပျိုးနိုင်တဲ့ ဧကကတော့ ဧက ၄၀၂၃၀၉၀ဖြစ်ပြီး ဆောင်းမှာစိုက်ပျိုးနိုင်ခဲ့တဲ့ ဧကကတော့ ၂၆၈၆၇၆၅ ဧက ဖြစ်ပါတယ်။ သီးထပ်စိုက် ဧကချည်းပဲ ၂၂၃၈၆၆၅ ဧကစိုက်ပျိုးခဲ့ပြီး သီးညှပ်စိုက်ပျိုးတာချည်းပဲ၆၀၉၉၄၁ ဧကရှိခဲ့ပါတယ်"ဟု ပဲခူးတိုင်းကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းက ရှင်းပြသည်။

တိုးချဲ့စိုက်ပျိုးနိုင်

ပဲခူးတိုင်းအတွင်း ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း မိုးရာသီစိုက်ဧက ၄၂၃၉၈၀၁ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။ ယခင်နှစ်က စပါးစိုက် ဧက ၃၀၁၁၀၀၄ ဧက စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ၃၀၁၁၁၈၂ ဧက စိုက်ပျိုးနိုင်မည် ဖြစ်ရာ ယခင်နှစ်ကထက် ၁၄၀၆၂ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

သနပ်ပင်မြို့လေ့ဆိပ်၌ ကားရပ်လိုက်သဖြင့် မေးကြည့်ရာ စက်လှေဖြင့် နှစ်မိုင်လောက်သွားရမည်ဟုဆိုသဖြင့် စက်လှေပေါ်တက်လာခဲ့သည်။စက်လှေဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းမောင်းနှင်လာခဲ့ရာ အတန်ကြာ၌ထောင်မင်းဧက ၅၀၀၀ စပါးစိုက်ခင်းသို့ ရောက်ရှိခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို မေးတင်ကာ ဧက ၅၀၀၀စိုက်ခင်း ပြုလုပ်ထားမှုနှင့်ပတ်သက်ပြီး သနပ်ပင်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးအရာရှိ ဦးစိုးမင်းထွန်းက "ဒီဧက၅၀၀၀စိုက်ခင်းမှာ ပါဝင်တဲ့မြေအစိတ်အပိုင်းတွေက ထောင်မင်းကျေးရွာမှ ၃၃၃၉ဧက၊ အပိုင်ကျေးရွာမှ ၉၁၁ဧကနဲ့ ဂျာပကစ်ရွာမှ ဧက ၇၅၀စုပေါင်းထားတဲ့ စိုက်ကွင်းကြီးဖြစ်ပါတယ်။ ဒီသုံးရွာရဲ့ စုစုပေါင်းစိုက်ဧကကတော့ ၁၁၁၁၇ဧက ဖြစ်ပါတယ်"ဟုသတင်းအဖွဲ့ကိုရှင်းပြသည်။

စံပြစိုက်ကွင်း

နွေစပါးအတွက်ပြင်ဆင်နေသော စံပြစိုက်ကွင်းကြီးကား ပဲခူး-သနပ်ပင် ကားလမ်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်းအကြားရှိ မြေဧကတစ်ခွင်တစ်ပြင်ကြီးပင်ဖြစ်သည်။

"ကျွန်တော်တို့ကတော့ အထူးအထွက်တိုးဇုန်ကြီးအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ မျိုးဧက ၁၀၀ ကျော် ပျိုးထောင်ထားပြီး ဖြစ်သလိုတိုက်ရိုက် အစေ့ချစိုက်ပျိုးနည်းနဲ့ ပျိုးပင်ချစိုက်ပျိုးနည်းတွေနဲ့ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။အခု လောလောဆယ် ဧက ၅၀၀၀မှာ နွေစပါး ၈၁ ဧကစိုက်ပျိုးနေပြီးဆက်လက်စိုက်ပျိုးနေပါတယ်။ မနှစ်က တစ်ဧက ၈၂ တင်းကျော် ထွက်ရှိပေမယ့် ဒီနှစ်တစ်ဧကတင်း၁၀၀အထိ ထွက်ရှိမယ်လို့ မျှော်မှန်းထားပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဦးကြိုင်က ရှင်းပြသည်။

ဧက ၅၀၀၀ စိုက်ခင်းအတွင်းမှ နွေစပါးစိုက်ပျိုးနေမှု၊ ပျိုးထောင်နေမှုများကိုလယ်သမားများကတက်တက်ကြွကြွနှင့် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ လယ်ထွန်နေသူများက

"မိုးစပါးတွေ ရိတ်သိမ်းပြီးပါပြီ"

ဦးမောင်လွင်
တောင်သူ

တေးသီချင်း တကြော်ကြော်အော်ဆိုကာ လယ်ယာလုပ်ငန်းခွင် ဝင်နေမှုသည် စပါးစိုက်တောင်သူတို့၏ စိတ်ချမ်းမြေ့ လွတ်လပ်မှုမှာ ရင်သို့ကူးစက်ခံစားရလေသည်။

ဒေသပေါက်ဈေး

ထို့နောက် ထောင်မင်းကျေးရွာမှ စပါးစိုက် တောင်သူတစ်ဦးဖြစ်သူ ဦးမောင်လွင်အား တွေ့ဆုံမေးမြန်းရာ **"မိုးစပါးဧက ၂၀ စိုက်ပျိုးထားခဲ့တာ အခုတော့ ရိတ်သိမ်းပြီးပါပြီ။ စပါးအထွက်က မနှစ်ကထက် တစ်ဧကငါးတင်းလောက် ပိုထွက်ပါတယ်။ ကျွန်တော့်လယ်က ထွက်သမျှ စပါးတွေကို ပဲခူးနဲ့ သနပ်ပင်မြို့ ကုန်သည်တွေက လာဝယ်သလို ပဲခူးက ဦးအုံကြီးပွဲရုံ၊ သနပ်ပင်က စပါးကုန်သည်တွေဖြစ်တဲ့ ဦးခင်မောင်နိုင်၊ ဒေါ်ချိုတို့ပွဲရုံတွေကလည်း လာဝယ်ကြပါတယ်။ စပါးဈေးက ဒေသပေါက်ဈေးအတိုင်း ပေးဝယ်ကြပါတယ်"** ဟု ဖြေကြားသည်။

"မနှစ်ကထက် စိုက်ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"

ဦးဇော်မင်း
တိုင်းဦးစီးမှူး
(ကြေးတိုင်နှင့်မြေစာရင်း)

ဒေသပေါက်ဈေးနှင့် ကုန်သည်များကို ရောင်းချရာတွင်တောင်သူများက အမြတ်အစွန်းရကြောင်း၊ ဒေသပေါက်ဈေးသည် တောင်သူများအတွက် တွက်ခြေကိုက်သည့် ဈေးနှုန်းဖြစ်ကြောင်း သတိပြုမိသည်။ ထို့ပြင် တောင်သူများကုန်ကျစရိတ်ကာမိအောင်နှင့်ပိုမိုအမြတ်အစွန်း ရရန်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက်စပါးစိုက်တောင်သူတစ်ဦးဖြစ်သူ ဦးဂျပန်ကလည်း "ကျွန်တော်ကဧက၇၀စပါးစိုက်ပါတယ်။ မျိုးတွေကတော့ ဆင်းသွယ်လတ်၊ မနောသုခ၊ ရတနာအောင် မျိုးတွေစိုက်ပါတယ်။ အခုမိုးစပါးတွေရောင်းဖို့ စီစဉ်နေပါတယ်။လက်ရှိစပါးတင်း ၁၄၀၀ရောင်းဖို့အတွက် ဝယ်သူတွေရောက်နေပြီ။ ဒေသပေါက်ဈေးနဲ့ ရောင်းဖြစ်သွားမှာပါ။ အများအားဖြင့်တော့ ပဲခူးက ကုန်သည်တွေလာဝယ်ကြတယ်။ စပါးအရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေပါတယ်။ ဝယ်လက်တွေ ရှိနေတယ်ပေါ့"ဟုသတင်းအဖွဲ့သို့ပြောပြသည်။

တောင်သူများထံမှ စပါးများနှင့် ကုန်သည်များတွင်ရှိသော စပါးများကို ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့ကလည်း ဝယ်ယူကာ ပြည်ပသို့ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့နောက်ထောင်မင်းကွင်းအတွင်း စပါးများ လိုက်လံဝယ်ယူနေသူ ကုန်သည် တစ်ဦးအား တွေ့ဆုံမေးမြန်းရာ "ဒေါ်ချိုလို့ ခေါ်ပါတယ်။ သနပ်ပင်မြို့ကပါ။ အခုအချိန်ထိ စပါးတင်းပေါင်း ၅၀၀၀၀ ကျော် ဝယ်ပြီးသွားပါပြီ။ စပါးတွေ ဆက်ဝယ်ဖို့အတွက် တောင်သူတွေမှာ ရှိသေးလားဆိုတာ လာကြည့်တာပါ။ ကျွန်မတို့နဲ့ အပြိုင်ဘားအံဘက်ကကုန်သည်တွေ၊ ကုမ္ပဏီတွေကလာရောက်ဝယ်ယူနေပါတယ်။ အခုဧက၅၀၀၀စိုက်ခင်းက ထွက်သမျှ စပါးတွေကို ကျွန်မအကုန်ဝယ်ဖို့လည်း

"ဧက ၅၀၀၀ကွင်းက ထွက်သမျှ စပါးတွေ အကုန်ဝယ်ယူသွားမှာပါ"

ဒေါ်ချို
စပါးရောင်းဝယ်ရေး(ကုန်သည်)

ဆုံးဖြတ်ထားပါတယ်။ ဝယ်ရင်လည်း ဒေသပေါက်ဈေးအတိုင်း ဝယ်မှာပါ။ တောင်သူတွေနစ်နာအောင်မျိုး ဈေးနှိမ်ဝယ်ယူမှာ မဟုတ်ပါဘူး။ ပေါက်ဈေးအတိုင်း နှစ်ဦးနှစ်ဖက် မနစ်နာအောင် ဝယ်ယူသွားမှာ ဖြစ်ပါတယ်"ဟု စိတ်ပါလက်ပါ ရှင်းပြသည်။

ဧက ၅၀၀၀စိုက်ခင်းမှ သနပ်ပင်မြို့သို့ စက်လှေဖြင့် ပြန်လာခဲ့ကြသည်။ လမ်းတစ်လျှောက် စပါးအိတ်များကို လှည်းများ၊ မော်တော်ကားများ သယ်ယူနေကြသည်ကို တွေ့မြင်ခဲ့ရသည်။ သနပ်ပင်မြို့သည် စိုက်ပျိုးရေးနှင့် ရောင်းဝယ်ဖောက်ကားမှု ဖွံ့ဖြိုးသည့် မြို့တစ်မြို့ဖြစ်သည်။

၁၀ဘီးတပ်ကုန်တင်ယာဉ်

ထို့နောက် သနပ်ပင်မြို့မှ ညောင်လေးပင်မြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့သည်။ နေ့ခင်းနေအပူရှိန်ပြင်းထန်သည့်အပြင် အချိန်မီအောင် ကားကို အပြင်းမောင်းနှင်နေသဖြင့် ပြင်ပရှုခင်းကို သဲသဲကွဲကွဲ မမြင်ရချေ။ လမ်းတစ်လျှောက် ကုန်တင်ကားကြီးများ အစီအရီဖြတ်သန်းမောင်းနှင်နေသည်ကို ကြည့်လိုက်ရာစပါးများကိုအပြည့်တင်လာသော ၁၀ဘီးတပ် ကုန်တင်ယာဉ်များ ဖြစ်နေသည်။ ညောင်လေးပင်မြို့နယ် ရောက်တော့ ညနေ၄နာရီ။

"ညောင်လေးပင်မြို့နယ်မှာမိုးစပါးစိုက်ဧက ၁၃၅၀၀၀စိုက်ပျိုးခဲ့ပြီး နွေစပါးဧက ၉၅၀၀စိုက်ပျိုးနေပါတယ်။ ပဲမျိုးစုံကတော့ဧက၉၀၀၀၀နဲ့ဆီထွက်သီးနှံဧက ၂၅၀၀၀လောက် စိုက်ပျိုးထားသလို ဟင်းသီးဟင်းရွက်က ဧက ၁၃၀၀၀လောက် စိုက်ပျိုးထားပါတယ်။ မိုးစပါး ရိတ်ပြီးသွားတာ ဧက၄၅၀၀၀ကျော်ရှိနေပြီး တစ်ဧကအထွက်နှုန်းက တင်း ၈၆ဒသမ၅၀ နှုန်း ရှိနေတာမို့ မျှော်မှန်းထားတာနဲ့ ကျော်လွန်ပြီး ထွက်ခဲ့ပါတယ်။ မနှစ်ကထက်လည်း စပါးထွက်နှုန်း ပိုခဲ့ပါတယ်။မနှစ်က တစ်ဧက ၈၄ဒသမ၃၉ တင်းပဲ ထွက်ခဲ့တာပါ"ဟု ညောင်လေးပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးထွန်းရီက သတင်းအဖွဲ့သို့ ရှင်းပြသည်။

စပါးနံ့များဖြိုးအက်

ညောင်လေးပင်မြို့နယ်၏မိုးစပါးစိုက်ခင်းတို့ကို သွားရောက်လေ့လာရာ စပါးနံ့များဖြိုးအက်လျက်ရှိနေသည်ကို တွေ့ရသည်။

စပါးစိုက်ခင်းအတွင်း တောင်သူကြီးတစ်ဦးကိုတွေ့၍ မေးမြန်းကြည့်ရာ "ဦးဟန်ကြီးလို့ ခေါ်ပါတယ်။ ပြွန်တန်ဆာမြို့ မြို့မ (၄)ရပ်ကွက်မှာ နေထိုင်ပြီး ဒီကွင်းကတော့ ဝဲဝင်းကွင်းလို့ ခေါ်ပါတယ်။ ကျွန်တော်က ဧက ၃၀စိုက်ပျိုးတာ တစ်ဧက တင်း၉၀နှုန်း ထွက်ရှိခဲ့တာမို့ မနှစ်က တစ်ဧက တင်း ၈၀နှုန်းထက် အများသားပေါ့။ ကျွန်တော့်လယ်ကထွက်တဲ့ မိုးစပါးတွေကတော့ ညောင်လေးပင်က ကုန်သည်တွေ လာဝယ်သွားကြပါပြီ"ဟု ဖြေကြားသည်။

အရောင်းအဝယ်ကပုံမှန်

ထို့နောက် ဝဲကွင်းကျေးရွာမှ လယ်သမားကြီး မောင်ရွှေကလည်း **"ဧက ၂၀ စိုက်တာ အကုန်ရိတ်ပြီးတော့ ရောင်းပြီးသွားပါပြီ။ ကျွန်တော့်လယ်က မနှစ်ကထက် တစ်ဧကငါးတင်းလောက် ပိုထွက်ခဲ့တာမို့ အဆင်ပြေပါတယ်။ မနက်ကတောင် စပါးကုန်သည် တစ်ဦးက ကျွန်တော့်မှာ စပါးလက်ကျန်ရှိလားလို့ လာမေးနေသေးတယ်။စပါးအရောင်းအဝယ်ကပုံမှန်ဖြစ်နေတာပါပဲ"**ဟုသတင်းအဖွဲ့သို့ ရှင်းပြသည်။

ပန်ဒါဆန်စက်

ဝဲကွင်းကျေးရွာမှ တစ်ဆင့် ပြွန်တန်ဆာမြို့တွင် စပါးများဝယ်ယူကြိတ်ခွဲနေသော ပန်ဒါဆန်စက်သို့ ရောက်ရှိခဲ့သည်။ ဆန်စက်ရှေ့တွင် စပါးလာရောင်းသူများ၊ စပါးအိတ်များ၊ ကတ္တားဖြင့် စပါးအိတ်များကို ချိန်တွယ်နေမှုများကို ရပ်ကြည့်နေမိသည်။

ပုံမှန်လည်ပတ်

"ကျွန်တော်တို့ဆန်စက်ကတော့ ပုံမှန်ဝယ်ယူကြိတ်ခွဲမှုနဲ့ လည်ပတ်နေတာပါ။ တစ်နေ့ကို စပါးတင်း ရသမျှတော့ ဝယ်ယူနေတာပါပဲ။ စပါးတင်း၆၀၀၀ကျော်တော့ဝယ်ယူကြိတ်ခွဲနေပါတယ်။ ဝယ်ယူပြီးတဲ့ စပါး၊ကြိတ်ခွဲပြီးဆန်တွေကိုမိတ္ထီလာ၊ ပျော်ဘွယ်နဲ့ ရန်ကုန်မြို့တွေဆီ ဖြန့်ဖြူးနေပါတယ်။ ကျွန်တော်တို့နဲ့ အပြိုင် ဆုပိုင်ပွဲရုံ၊ ဖြိုးနေဆန်စက်ပွဲရုံ၊ ငွေဥဒေါင်း ဆန်စက်ပွဲရုံ၊ အောင်ရတနာဆန်စက်ပွဲရုံနဲ့ ပြည်တော်သာဆန်စက်ပွဲရုံတွေကလည်း ဒေသထွက်စပါးတွေကို ဝယ်ယူနေကြပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန် လည်ပတ်နေပါတယ်"ဟုပန်ဒါဆန်စက်တာဝန်ခံ ကိုမျိုးသန့်က ရှင်းပြသည်။

အပြုံးပန်းများယှက်သန်း

ညောင်လေးပင် မြို့နယ်တွင်း စပါးစိုက်တောင်သူများက မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီး နွေစပါးကို စိုက်ပျိုးရန် စိုင်းပြင်းနေကြပြီ ဖြစ်သည်။ စပါးထွက်ရှိမှု၊ ရောင်းဝယ်မှုများမှာလည်းပုံမှန်လည်ပတ်လျက်ရှိရာစပါးစိုက် လယ်သမားကြီးတို့ မျက်နှာဝယ် အပြုံးပန်းများယှက်သန်းလျက်....။

ဒိုက်ဦးမြို့မှစပါးများကို ဝယ်ယူကာ ၁၀ဘီးတပ် မော်တော်ယာဉ်ကြီးပေါ်၌ အပြည့်တင်ထားသည်ကို ဤသို့ တွေ့ရသည်။(မြန်မာ့အလင်း)

ညောင်လေးပင်မြို့နယ်အဝင် စပါးစိုက်ခင်း၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

29-11 (09).pmd 1 11/29/2008, 3:17 AM

စာဆိုတော်နေ့ဂုဏ်ပြု
သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ

ခင်မောင်ထွန်း(လမ်းမတော်)

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်။ "**စာပေမြင့်မှ လူမျိုးတင့်မည်**" ဆိုသည့်ဆိုရိုးစကားသည် မြန်မာမှုနယ်ပယ်တွင် နှစ်ပေါင်းများစွာက ပင် တည်ရှိခဲ့ပြီးဖြစ်သည်။ စာပေသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေသည်။ မြန်မာနိုင်ငံသည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် အစွန့်ရှည်ကြာစွာ ရပ်တည်လာခဲ့သည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမပညာရပ်များ ဖြစ်တည် ထွန်းကားလာခဲ့သောကြောင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာ့အနုပညာ၊ ယဉ်ကျေးမှုသုခုမပညာရပ်များ မပျောက်ပျက်စေဘဲ အစဉ်တိုးတက်တည်တံ့နေစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ် ခမ်းနားစွာကျင်းပပေးလျက်ရှိသကဲ့သို့ စာပေ အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အမျိုးသား စာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စသည့် ထိုက်တန်သောဆုများဖြင့် နှစ်စဉ် ချီးမြှင့်အားပေးလျက်ရှိသည်။ ထို့ပြင် ပုဂ္ဂလိကစာပေ မြတ်နိုးသူများကလည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် စာပေဆုများ ချီးမြှင့်လျက်ရှိသည်။ ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု စသည့် စာပေဆိုင်ရာ ဆုကြီးများအပြင် မဂ္ဂဇင်းများ၊ ဂျာနယ်များက ပါဝင်ပံ့ပိုးချီးမြှင့်သော စာပေဆုများလည်း ပါဝင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စွန်နယ်ဖျား ကျေးလက်ဒေသများပါမကျန် ပြည်သူများ စာပေဗဟုသုတကြွယ်ဝ၍ စာပေအဆင့်မြင့်မားစေရန်အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ရာ အောင်မြင်မှုများရရှိနေပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် စာပေဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးခဲ့သော ခေတ်အဆက်ဆက်မှ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်နတ်တော်လဆန်း ၁ရက်နေ့ကို "**စာဆိုတော်နေ့**" အဖြစ် သတ်မှတ်၍ အခမ်းအနားများကို ၁၃၀၆ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုနှစ်အထိ နှစ်ပေါင်း ၆၄နှစ်ရှိခဲ့ပြီ ဖြစ်ပါသည်။

စာဆိုတော်နေ့ရောက်တိုင်း ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဌာနများနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ကြီးမှူး၍ မြန်မာတစ်နိုင်ငံလုံးရှိ အသက်၈၀နှင့်အထက် သက်ရှိထင်ရှား ရှိနေကြသော စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ် ရန်ကုန်မြို့တော်ခန်းမ၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပါသည်။

ယခင်နှစ်က အသက်၈၀ကျော် သက်ရှိထင်ရှားရှိသူ စာရေးဆရာကြီး၊ ဆရာမကြီး ၁၂၀ရှိခဲ့ရာမှ ကိုးဦးမှာ ကွယ်လွန်သွားခဲ့ပြီး ယခုနှစ် စာဆိုတော်နေ့တွင် အသက် ၈၀ကျော်လာသူ ဆရာကြီး၊ ဆရာမကြီး ၂၀ ထပ်မံတိုးလာခဲ့သဖြင့် စုစုပေါင်း ၁၃၁ ဦးကို အခမ်းအနားဖြင့် ထိုက်တန်စွာ ချီးမြှင့်ကန်တော့ကြမည်ဖြစ်ပါသည်။

မကြာမီ ရောက်ရှိတော့မည့် "**စာဆိုတော်နေ့**" စာပေပညာရှင်ကြီးများ ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်းလက်ခံပွဲကို အောက်တိုဘာလ ၂ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ လှူဒါန်းငွေများကို လက်ခံခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စာပေပညာရှင် သက်ကြီးဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီ လှူဒါန်းမည်ဖြစ်ရာ အလှူငွေကျပ် ၃၉၃၀၀၀၀ မတည်လှူဒါန်းခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နှင့် မန္တလေးလူထုလူတန်းစား အဖွဲ့အစည်းများ၊ စာပေထုတ်ဝေသူများ၊ ပုံနှိပ်သူများ၊ စာပေပညာရှင်များနှင့်ဝါသနာရှင်များ၊ ပုဂ္ဂလိကအလှူရှင်များက လှူဒါန်းခဲ့ကြရာ အလှူငွေ စုစုပေါင်း ငွေကျပ် ၁၈၆၀၄၀၀၀နှင့် ဆေးနှင့်ဝတ္ထုပစ္စည်းငွေကျပ် ၁၁သိန်းဖိုးလှူဒါန်းခဲ့ကြပါသည်။

စာရေးသူသည် မြန်မာလူမျိုးတို့၏ အသက်အရွယ်ကြီးရင့်သူများ၊ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုသော "**စာဆိုတော်နေ့**"သို့ ရောက်ချိန် နီးကပ်လာတိုင်း ကန်တော့ခံစာပေပညာရှင် ဆရာကြီးတစ်ဦး ဖြစ်ခဲ့သော ဆရာကြီး "**ဒဂုန်နတ်ရှင်**"၏ အသက်အရွယ်ကြီးရင့် အိုမင်းမစွမ်း ဖြစ်လာရသောအခါ ခံစားရေးသားခဲ့သည့် အောက်ပါကဗျာလေးကို စွဲမြဲစွာ သတိရနေမိပါသည်။

"ကလောင်တုံးချိန်၊ ခါးကုန်းချိန်"

ရွှေကလောင်အသွားတုံးပေါ့၊ ခါးကုန်းလို့လက်တုန်
နားဦးစို့သက်လုံရယ်၊ ကွယ်မစုံရှုယ်ရင့်
မှန်စကျွ မကြည်ဝေတယ်၊ ဒီဂရီတွေတိုးလို့သာမြင့်
ရေးရင်းခုဝေဒနာမှာ၊ ထွေထွေရာပိုထင့်
ငွေအသပြာအပိုဆင့်စေတော့၊ မလိုချင့် မလိုချင်
ရေသည်လိုအကျိုးပေးပုံက၊ ထမ်းပိုးဆွေး၊ ဆွေးရလို့ပင်
ဇက်ခေါင်းနဲ့လက်မောင်းပြင်မှာ၊ ခက်ကောင်းပင်
ခက်ရချည်ရဲ့
တက်၊ မတက်တိုးချဲ့ကာလာ၊ ဆိုးတဲ့ဝေဒနာ
မိုးတစ်လှည့် လေတစ်ခါဝယ်၊
မနေသာလွန်းလို့လေး…။ ။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ သက်ကြီးစာပေ ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် "ရန်ကုန်မြို့တော်ခန်းမ"၌ မကြာမီ ကျင်းပတော့မည်ဖြစ်သည်။

စာပေမြတ်နိုးသူများ၊ ပါဝင်လှူဒါန်းလိုသူများသည် **မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးချုပ် (စာပေဗိမာန်အပေါ်ထပ်) ဖုန်း-၂၅၂၄၁၇သို့** ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးရင်း စာဆိုတော်နေ့ကို ဂုဏ်ပြုကျင်းပမည့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကို ကြိုဆိုတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတွင် စာပေဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးခဲ့သော ခေတ်အဆက်ဆက်မှ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို "စာဆိုတော်နေ့" အဖြစ် သတ်မှတ်၍ အခမ်းအနားများကို ၁၃၀၆ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုနှစ်အထိ နှစ်ပေါင်း ၆၄နှစ်ရှိခဲ့ပြီ။

ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ကြီးမှူး၍ မြန်မာတစ်နိုင်ငံလုံးရှိ အသက် ၈၀ နှင့်အထက် သက်ရှိထင်ရှား ရှိနေကြသော စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ် ရန်ကုန်မြို့တော်ခန်းမ၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့။

မြတ်ပန်းသဇင်

* ကျောက်လွှာထက်တွင် စူးဆောက်တင်
ပေလွှာထက်တွင် ကညစ်တင်
သရွတ်နှုတွင် မင်စာတင်
စာဆိုရှင်တို့ ကလောင်သွေး၊
ပု၊ ပင်း၊ အင်း၊ တောင် ညောင်ရမ်းနှောင်
ကုန်းဘောင် နှစ်ခေတ်စာတွေရေး။

* နတ်တော်ဆောင်းလ မြတ်တော်ဝင်
စာဆိုရှင် ပုဂ္ဂိုလ်ထူးတို့
ဦးညွှတ်နှစ်စဉ်။
စာပေသည် လူတစ်မျိုး၏
အသက်ဝိညာဉ်ဆိုစကား
စာဖတ်သူငါများတကာ
အသိအလိမ္မာ ဉာဏ်ပညာနှင့်
တိုးတက်ကာ မြင့်မြင့်မား။

* တစ်မျိုးသားလုံးအကျိုးငှာ
စာဆိုရှင်တို့ ရေးသီကုံး၊
ပန်းတကာပန်းတွင် ပန်းဘုရင်
မြတ်ပန်းသဇင်အလှဆုံး။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

တောင်ဥက္ကလာပ အထက(၁) (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၈

တောင်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ၁၉၅၉ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ဤကျောင်းတော်ကြီးတွင် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း သုံးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် အသက်၆၀ပြည့် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ခံကြွရောက်ကြပါရန်နှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများလည်း မပျက်မကွက် တက်ရောက်ကြပါရန် နိုးဆော်ထားသည်။ ပူဇော်လှူဒါန်းလိုသူများသည် ဦးကျော်စန်းလင်း ဖုန်း-၅၇၇၉၇၇၊ ၀၉-၅၀-၁၇၀၇၂၊ ဦးလှဝင်း ဖုန်း-၅၇၁၇၂၈၊ ဦးအောင်မြင့် ဖုန်း-၀၉-၅၁-၈၆၅၄၉၊ ဒေါက်တာမြင့်သောင်း ဖုန်း-၅၆၂၄၉၉၊ ၀၉-၅၀-၄၆၆၀၃၊ ဦးမောင်မောင် ဖုန်း-၅၇၉၀၀၇၊ ၀၉-၅၁-၁၅၁၇၁နှင့် ဦးသိန်းမြင့်ဦး ဖုန်း-၅၇၁၃၄၃၊ ၀၉-၅၀-၁၆၀၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၁-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ **မြို့ကြီးသား ယဉ်ကျေးမှု** လျှမ်းထက်၊ ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ အကပြိုင်ပွဲ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ Yan Can Cook
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၁:၅၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၂၅) (ဇာတ်သိမ်းပိုင်း)
- ၁၃:၀၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၃:၄၀ ၈။ Turning a Great Riverinto a Thoroughfare
- ၁၄:၂၀ ၉။ **နှစ်မြှာနတ်မိမယ်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အောင်ကျော်ကျော်)
- ၁၄:၃၅ ၁၀။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၄:၄၅ ၁၁။ International News
- ၁၄:၅၅ ၁၂။ အကပြိုင်ပွဲ
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ **လောကရဲ့ အလှရတနာ** ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ
- ၅:၁၅ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅:၂၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၀၀ ၁၃။ **ပဋ္ဌလက်ကျောင်းတော်**
- ၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၇)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၁၁)
- ၁၉။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၃ မှ

ဘယ်လို အခြေအနေမျိုးမှာမဆို နိုင်ငံတော်ကြီး အစွန့်ရှည် တည်တံ့ခိုင်မာစွာ ရပ်တည်ရေးနဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်တယ်။ ပြည်ထောင်စုကြီးရဲ့ နယ်မြေဒေသတစ်ခုနဲ့တစ်ခုကြား ဆူကြုံနိမ့်မြင့် ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများအကြား ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းပပျောက်ပြီး ပြည်သူများရဲ့ စားဝတ်နေရေး လူနေမှုဘဝ ပြည့်စုံလုံခြုံရေးတို့အတွက် မဆုတ်မနစ်သော လုံ့လဝီရိယများနဲ့ ဆက်လက်ကြိုးပမ်း လုပ်ကိုင်ကြရဦးမှာ ဖြစ်တယ်။

မောင်တို့မယ်တို့-

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက နှစ်စဉ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးတွေ ပြုလုပ်နေခြင်းဟာ တိုင်းကျိုးပြည်ပြုလုပ်ငန်းများဆောင်ရွက်ခဲ့မှုများအပေါ် မှန်ကန်စွာသုံးသပ်ပြီး ပိုမိုတိုးတက်ဆောင်ရွက်နိုင်ဖို့ ဖြစ်တယ်။ ဆွေးနွေးညှိနှိုင်းမှုက ချမှတ်ပေးတဲ့ ရှေ့လုပ်ငန်းစဉ်များဟာလည်း နိုင်ငံတော်နဲ့ ပြည်သူများအကျိုးအတွက် အသင်းကြီးက ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေဖို့ဖြစ်တယ်။

- ဒါကြောင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်တဲ့ ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့ရဲ့ နယ်မြေအသီးသီးမှာ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသွားကြပါ။
- တိုင်းပြုပြည်ပြုလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အသင်းကြီးရဲ့ စည်းလုံးညီညွတ်တဲ့အားနဲ့သာမက မွန်မြတ်တဲ့ စေတနာမှန်နဲ့ ဆောင်ရွက်နေကြတဲ့ အသင်းအဖွဲ့များ အပါအဝင် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြပါ။
- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် စစ်မှန်တဲ့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နဲ့ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြပါ။
- နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အဆင့်တိုင်း အောင်မြင်အောင် ပြည်သူများနဲ့ ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။
- တွေ့ကြုံရမည့် အခက်အခဲ၊ အဟန့်အတား အနှောင့်အယှက် မှန်သမျှကို စုစည်းညီညွတ်တဲ့အား စွန့်လွှတ်စွန့်စားရဲတဲ့ သတ္တိနဲ့ ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ အောင်မြင်အောင် ဆောင်ရွက်သွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

(သတင်းစဉ်)

** ရှေ့ဖုံးမှ*

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့က ကြိုဆိုကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)စတုတ္ထနေ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကျင်းပရေးဗဟိုကော်မတီနှင့်ဆပ်ကော်မတီတို့မှဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ (၂၀၀၈)ခုနှစ် ထူးချွန်လူငယ်များနှင့် အထူးဖိတ်ကြားထားသူများ စုစုပေါင်း ၇၂၇ဦး တက်ရောက်ကြသည်။

အခမ်းအနားမှူး

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဒေါ်ရစ်မြတ်စုမွန်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်မိမိစံက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကဏ်ခွင့်ပြုချက်အရ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈) စတုတ္ထနေ့ အစီအစဉ်များ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သြဝါဒစကား မြွက်ကြားသည်။

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေမြွက်ကြားသည့် သြဝါဒစကားကို သီးခြားဖော်ပြထားပါသည်။)

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ထူးချွန်လူငယ်များဖြစ်ကြသည့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ သိပ္ပံဘာသာအခြေခံသော စိတ်ကြိုက်ဘာသာဖြင့် အမှတ်စဉ်(၁)မှ (၁၀)ရရှိသူ ကျောင်းသား ကျောင်းသူ ၄၅ဦး၊ မြန်မာတစ်ပြည်လုံးတွင် ဝိဇ္ဇာဘာသာအခြေခံသော စိတ်ကြိုက်ဘာသာဖြင့် အမှတ်စဉ်(၁)မှ (၁၀)ရရှိသူ ကျောင်းသား ကျောင်းသူ ၁၁ဦး၊ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာအခြေခံသော စိတ်ကြိုက်ဘာသာဖြင့် ထူးချွန်စွာပထမရရှိခဲ့သည့် ကျောင်းသားကျောင်းသူ ၁၁ဦး၊ ပြည်နယ်နှင့်တိုင်းအလိုက် ဝိဇ္ဇာဘာသာအခြေခံသော စိတ်ကြိုက်ဘာသာဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၁ဦး၊ အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိသူ ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ ၂၀၀၈ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး၊ ၂၀၀၈ခုနှစ် ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦး၊ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ငါးခုနှင့်အထက်ရရှိသူ ကျောင်းသား ကျောင်းသူ ၁၀ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲများမှ ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၄ဦးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် United Nations Inter-Agency Project(UNIAP) တို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်းဆင်းပွဲကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူး များ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် အဖွဲ့ဝင်များ၊ UNIAPမှ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တင်ပြ

ထို့နောက် United Nations Inter-Agency Project (UNIAP)မှ အမျိုးသားစီမံချက်ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာ အိအိချောက သင်တန်းနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်တင်ပြသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက်သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၁၉၆၆-၁၉၇၃ခုနှစ် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ မိတ်ဆုံပွဲ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်ဆေးတက္ကသိုလ်(၁)သို့ ၁၉၆၆ခုနှစ်ဝင်ခွင့်ရ၍ ၁၉၇၃ခုနှစ်ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကန်တော်ကြီး နတ်မောက်လမ်းနှင့် ဖိုးစိန်လမ်းထောင့်ရှိ (Chatrium Hotel ယခင် Hotel Nikko) ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဒေါက်တာအေးမောင်ဟန် ဖုန်း-၂၄၆၂၄၀၊ ဒေါက်တာခင်မောင်လွင် ဖုန်း-၂၅၀၇၁၉၊ ဒေါက်တာအေးသောင်း ဖုန်း-၅၁၀၅၈၃၊ ဒေါက်တာချစ်ကိုတင် ဖုန်း-၆၉၉၄၁၀၊ ဒေါက်တာခင်မောင်ဝင်း ဖုန်း-၃၇၅၁၂၈၊ ဒေါက်တာသန်းအောင် ဖုန်း-၀၉-၈၀-၃၄၀၇၁၊ ဒေါက်တာသန်းနိုင် ဖုန်း-၃၉၆၆၀၇၊ ဒေါက်တာဆင့်ဆင့် ဖုန်း-၂၂၂၄၉၁၊ ဒေါက်တာစုစုလှိုင် ဖုန်း-၂၉၁၈၅၈နှင့် ဒေါက်တာမိုမိုသိမ်း ဖုန်း-၆၆၂၇၉၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သွဲ့ထားညို(သက္ကလ)၏ **“ပင်လယ်ခေါ်သံနှင့် အခြားဝတ္ထုတိုများ”** ကလည်းကောင်း၊ ဒုတိယဆုကို ခင်လပြည့်ဝန်း၏ **“အမေနှင့်နေခဲ့ရသည့်နေ့ရက်များ”** က လည်းကောင်း၊ တတိယဆုကို မြတ်နိုးအိမ် (ဖွဲ့ကပင်)၏ **“ပင်လယ်ထက်က ရေချိုတစ်စက်နှင့် အခြားဝတ္ထုတိုများ”** ကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆု

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို အေးကြည်စိန်၏ **“တံလျှပ်နယ်မှ တဒင်္ဂများစွာ”** က လည်းကောင်း၊ ဒုတိယဆုကို ကျော်ဇေယျာလှိုင် (စီးပွားရေးတက္ကသိုလ်)၏ **“စုန်ရေဆန်ရေ စိမ့်စမ်းရေနှင့် အခြားကဗျာများ”** က လည်းကောင်း၊ တတိယဆုကို မောင်နီမှိုင်း(ကျောက်တန်း)၏ **“အမေနေတဲ့ ရွာကလေးနှင့် အခြားကဗျာများ”** ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ (ဝိဇ္ဇာပညာရပ်)

သုတပဒေသာ (ဝိဇ္ဇာပညာရပ်)တွင် ပထမဆုကို ထင်လင်းကျော်၏ **“အောင်ဘာလေထီသမိုင်း”** က လည်းကောင်း၊ ဒုတိယဆုကို စောကြူမောင်(ယောမြေ)၏ **“ယောဓလေ့”** က လည်းကောင်း၊ တတိယဆုကို မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်)၏ **“မြန်မာ့သမိုင်းဝင်ခံတပ်များနှင့် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ”** က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်)

သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်)တွင် ပထမဆုကို အောင်စိုး(စိုက်ပျိုး-၁၀၇)၏ **“ပို့စ်ဟာဗက်-ဆွတ်ခူးပြီး နောက်ပိုင်းဝယ်”** က လည်းကောင်း၊ ဒုတိယဆုကို မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ **“သိကောင်းစရာ e-commerce”** က လည်းကောင်း၊ တတိယဆုကို ဂိုးလှမောင်(မြို့မ)၏ **“မွေးမြူရေးခြံများကို ခြိမ်းခြောက်နေသော သက်ရှိသက်မဲ့နှင့် သဘာဝဘေးအန္တရာယ်များ”** က လည်းကောင်း ရရှိကြသည်။

စာပဒေသာဆု

စာပဒေသာဆုတွင် ပထမဆုကို အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ **“ဟေဝန်ဟေမာ သတ္တဝါတို့၏ နိမိတ်ပုံလွှာ”** က လည်းကောင်း၊ ဒုတိယဆုကို သောင်းညွန့်သစ်၏ **“တစ်ခေတ်တစ်ချိန်က ချင်းရိုးမဆီရောက်ခဲ့စဉ်က”** က လည်းကောင်း၊ တတိယဆုကို အောင်မင်းမြင့်၏ **“ကွယ်လွန်ထင်ရှား ဆရာ ၁၀၀၏ အားမာန်များ”** က လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် ပထမဆုကို မအေးချမ်း (မြန်မာစာ)၏ **“မြန်မာ့သဘင်မှ အနုပညာနှင့် အသုံးတွင်စကားများ”** ကလည်းကောင်း၊ ဒုတိယဆုကို သိန်းသန်းဝင်း (မလှိုင်)၏ **“မြန်မာ့ဆိုင်း”** ကလည်းကောင်း၊ တတိယဆုကို အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)၏ **“သုတေသနခရီးသွား ဇေယျာပူရ မှတ်တမ်းများ”** က လည်းကောင်း ရရှိကြသည်။

ကလေးစာပေဆု

ကလေးစာပေဆုတွင် ပထမဆုကို လူမွန် (ပခုက္ကူ)၏ **“ဦးဦးလက်ဆောင် ကလေး ကဗျာများ”** က လည်းကောင်း၊ ဒုတိယဆုကို တက္ကသိုလ်တောသား၏ **“မင်္ဂလာချို တေးသံကဗျာများ”** က လည်းကောင်း၊ တတိယဆုကို မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၏ **“ယဉ်ကျေးလိမ္မာအနာဂတ် ရတနာနှင့် အခြားဝတ္ထုတိုများ”** က လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆု

လူငယ်စာပေဆုတွင် ပထမဆုကို မောင်ကြည်သန့်၏ **“အောင်မြေစွန်း ရွှန်းသစ်စ အလှနေခြည်”** ကလည်းကောင်း၊ ဒုတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ **“မြန်မာကမွေး မြန်မာသွေး စွေးစွေးနီ”** ကလည်းကောင်း၊ တတိယဆုကို အောင်ကျော်ဆန်း၏ **“အညတရ ဘဝရေဆန်”** က လည်းကောင်း ရရှိကြသည်။

ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော)၏ **“ရင်ခွင်နွေး”** က လည်းကောင်း၊ တတိယဆုကို မောင်ဆန္ဒ (လယ်ဝေး)၏ **“ပိုး”** ကလည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆု

ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဦးအောင်စိုးဦး၏ **“အသိဉာဏ်ပစ္စည်းနှင့် ရိုးရာယဉ်ကျေးမှုဖော်ထုတ်ချက်များ၊ ရိုးရာဓလေ့များ”** ကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ်၁၂မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများ လက်ခံရရှိသော်လည်း ဆုအတွက်ရွေးချယ်နိုင်ခြင်းမရှိကြောင်းသိရသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၀၁-၂၄၀၀၄၈၊ စာတည်းမှူး ဖုန်း-၀၁-၂၄၉၂၃၀နှင့် ဌာနခွဲမှူး (စီမံ)(တာဝန်ခံ) ဖုန်း-၀၁-၃၈၁၄၄၉တို့သို့ အမြန်ဆုံးဆက်သွယ် သတင်းပို့ကြရန်နှင့် ၅လက်မ×၇လက်မ ရောင်စုံဓာတ်ပုံတစ်ပုံနှင့် ၁လက်မ×၁လက်မ အရွယ်ဓာတ်ပုံ တစ်ပုံစီ အမြန်ပေးပို့ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ကျင်းပမည့် ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင်အခမ်းအနား၌ ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

ပြန်လည်ထုတ်ယူနိုင်

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်း မခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၀၈ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၈ခုနှစ် ဒီဇင်ဘာ၃၁ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် တံဆိပ်ခေါင်းကျပ်၂၀၀(ကျပ်နှစ်ရာတိတိ) ပေးပို့မှာယူနိုင်ပြီး စည်းကမ်းချက်များတွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်း သတင်းရရှိသည်။ ။

(မြန်မာ့အလင်း)

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ဦးစီးကျင်းပသော လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၆နာရီခွဲတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ရွှေတောင်ကုန်းကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့်တာဝန်ရှိသူများက ရွှေတောင်ကုန်းကျေးရွာ၊ တညင်းကုန်းကျေးရွာ၊ လေအင်ကုန်းကျေးရွာ၊ ကျားရိုးတန်းကျေးရွာ၊ ကျားကုန်းကျေးရွာတို့၌နေထိုင်ကြသော လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)**

ပေးအပ်လှူဒါန်း

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လှူဒါန်းသော ငွေကျပ် ၆၈၈၅၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ ဦးကျော်ကျော်မိသားစု (ခေတ္တစင်ကာပူ)က လှူဒါန်းသော ငွေကျပ် ၄၈၈၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် ဇနီး ဒေါ်စန်းစန်းဝင်း မိသားစုက လှူဒါန်းသော ငွေကျပ် ၄၈၈၀၀၀တန်ဖိုးရှိ ပစ္စည်းများ၊ Crown Wire ကုမ္ပဏီ ဦးတီးတီး၊ ဦးရှောက်လမ်း၊ ဦးချစ်မိသားစုတို့က လှူဒါန်းသော ငွေကျပ် ၉၃၀၀၀၀ တန်ဖိုးရှိ သွားတိုက်တံ ၂၅၀၊ ဘောလ်ပင် ၂၅၀၊ ဖိနပ် ၃၀၀၊ အင်္ကျီ ၃၀၀၊ သမားတော်ကြီး ဦးလှဌေးနှင့် သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)က လှူဒါန်းသော ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ ဆေးမျိုးစုံ ဘူး ၂၅၀၊ ဦးမြတ်သင်းအောင်နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းက လှူဒါန်းသောပစ္စည်းများ၊ ကိုဇော်မိုးခိုင်နှင့် ဒေါက်တာစောနေနွယ် (AA Product) ကုမ္ပဏီလီမိတက်က ပျားရည် ၂၀၅ဘူးနှင့် Pacivite G ဆေးဘူး ၂၅၀ စသည်ဖြင့် စုစုပေါင်း ငွေကျပ် ၃၉၆၇၅၀၀တန်ဖိုးရှိ လေဘေးထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာကြီးတို့စတန်းဖို့ဒ်ဘရစ်မှာ အမှတ်ရနိုင်ပါ့မလား မန်ယူလည်းမန်စီးတီးကို ခက်ခက်ခဲခဲ ဖြတ်ကျော်ရမည်

လန်ဒန် နိုဝင်ဘာ ၂၈

အသင်းကြီးများ ထိပ်တိုက်ဆုံတွေ့မည့် ပရီမီယာလိဂ်ပွဲစဉ်(၁၅)ကို နိုဝင်ဘာ ၂၉ရက် **(ယနေ့)**နှင့် ၃၀ရက်များ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ချယ်လ်ဆီးနှင့်အာဆင်နယ်တို့ပွဲမှာ အကြိတ်အနယ်ရှိမည်ဖြစ်သကဲ့သို့ မြို့ခံပြိုင်ဘက်များဖြစ်သည့် မန်စီးတီးနှင့် မန်ယူတို့ပွဲကလည်း ပရိသတ် ရင်မစရာဖြစ်စေမည့် ပွဲကောင်းတစ်ပွဲဖြစ်မည်မှာ သေချာသည်။

ချယ်လ်ဆီးနှင့် အာဆင်နယ်

ဒရော့ဘာ မပါနိုင်သည့် ချယ်လ်ဆီးတို့ တိုက်စစ်အား လျော့နေမည်ဖြစ်သည်။ အနယ်လ်ကာ အားထားရသော်လည်း တစ်ခါတစ်ရံ ဂိုးပေါက်ပျောက်နေတတ်ပြန်သည်။ လက်ရှိကစားအားနှင့် ကစားသမားတို့တွင် ချယ်လ်ဆီးတို့က သာနေသည်။ အိမ်ရှင်ဖြစ်သည့် အချက်နှင့်ဒုတိယနေရာမှ ပွဲတူ၊ အမှတ်တူဖြစ်နေသော လီဗာပူးတို့ ဖိအားကြောင့် ချယ်လ်ဆီးတို့ ယခုပွဲ အနိုင်ကစားမည်ဟု ယူဆရသည်။ ပြီးခဲ့သည့်နှစ်က ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုး ရလဒ်ဖြင့် အာစင်ဝင်းဂါးကို အမှတ်ဗလာဖြင့် အိမ်ပြန်ခိုင်းခဲ့သည်ဖြစ်ရာ ယခုပွဲလည်း ချယ်လ်ဆီးတို့ အလေးသာနေသည်မှာ အမှန်ပင်။ အသင်းစုစည်းအား ပြိုကွဲနေသော အာဆင်နယ်တို့၏ ခံစစ်ကြောင်း ပေါက်ထွက်နေမှုက အသင်း၏ရလဒ်ကို ထိုးနှက်စရာဖြစ်လာသည်။ အာဆင်နယ်ကလည်း အဝေးကွင်း အနိုင်ရယူရေး ရှိသမျှအားနှင့် ကြိုးစားမည်ဖြစ်သော်လည်း ချယ်လ်ဆီးတို့က အိမ်ကွင်း၌ နောက်ဆုံး ၈၉ပွဲကစားခဲ့ရာ တစ်ပွဲသာရှုံးခဲ့သည့် မှတ်တမ်းက ရှိနေသည်။ အာဆင်နယ်တွင် ဖာဘရီဂတ်စ်၊ တိုရေး၊ ဗန်ပါစီနှင့် အီးဘူလ်တို့ ခြေပေါ်ခဲ့ပါလျှင် အာဆင်နယ်တို့ အမြင့်ဆုံးသရေမှန်းနိုင်သည်။

မန်ယူအတွက်အားထားရာ တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို

မန်စီးတီးနှင့် မန်ယူ

နဗီးလ်နှင့်ပေါစခိုးလ်တို့ ဒဏ်ရာများကြောင့်မပါနိုင်၊ ဘာဘာတော့ဗ် ဒဏ်ရာသက်သာသဖြင့် ပါဝင် ကစားဖွယ်ရှိရာ မန်ယူအတွက် အားတက်စရာဖြစ်သည်။ သို့သော် နဗီးလ်နှင့် ပေါစခိုးလ်တို့ ပါဝင်ကစားနိုင်မည်ဟု ဖာဂူဆန်က မျှော်လင့်နေပြန်သည်။(၁၃၉)ကြိမ်မြောက် ဆုံတွေ့သည့်ပွဲတွင် မန်ယူက အသာစီးရနိုင်ရေးကြိုးစားမည်ဖြစ်သည်။ မန်စီးတီးကွင်း၌ မန်ယူနှင့် နောက်ဆုံး(၁၁)ကြိမ် ဆုံတွေ့ခဲ့ရာ၌ မန်ယူတို့က ခြောက်ပွဲနိုင်ခဲ့ပြီး မန်စီးတီးက လေးပွဲနိုင်ခဲ့ကာ သရေတစ်ပွဲ မှတ်တမ်းရှိထားသည်။ မန်စီးတီးတို့ အိမ်ကွင်းဖြစ်နေသဖြင့် မန်ယူတို့စနစ်တကျ ပြင်ဆင်ကစားမှ တော်ကာကျမည် ဖြစ်သည်။ မန်ယူ၏ လက်ရှိခြေစွမ်း၌ စီရိုနယ်ဒို၊ ရွန်နေတို့ ပုံမှန်ခြေစွမ်းပြနိုင်နေသည်။ မန်စီးတီး၌လည်း ရော်ဘင်ဟိုနှင့် ရိုက်ဖီးလစ်တို့က ဂိုးသွင်းနေကြရာ ရလဒ်မည်သို့ ထွက်လာမည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

ချယ်လ်ဆီးအတွက် ဂိုးများသွင်းပေးနေသည့် အနယ်လ်ကာ

လီဗာပူးနှင့် ဝက်စ်ဟမ်း

လီဗာပူးတို့မနှစ်က လေးဂိုးပြတ်ဖြင့်အနိုင်ယူထားရာ ယခုပွဲ၌လည်း ဝက်စ်ဟမ်းတို့ လက်ရှိခြေစွမ်းဖြင့် ရှုံးကြွေးဆပ်နိုင်မည့်ပုံ မပေါ်ချေ။ ယခုနှစ်၌ အိမ်ကွင်းရှုံးပွဲမရှိသေးသည့် လီဗာပူးတွင် တောရက်စ် ပြန်ကစားနိုင်ပြီဖြစ်ရာ ဝက်စ်ဟမ်းတို့ သရေတစ်မှတ်ရဖို့ပင် ခက်ခဲမည်ဖြစ်သည်။

စပါးနှင့် အဲဗာတန်

မနှစ်က စပါးကွင်း၌ အဲဗာတန်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူထားခဲ့ရာ ယခုပွဲ ရှုံးကြွေးဆပ်နိုင်ဖွယ်ရှိသည်။ စပါးတိုက်စစ်မှူး ပက်ဗလူချင်ကို အားကိုးနှင့် အဲဗာတန်ကို အနိုင်ကစားပြီး ရှုံးကြွေးဆပ်နိုင်မှု ရှိ မရှိမှာ ခက်ခဲသည့်ပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ရသလိုဖြစ်နေသည်။ အိမ်ရှင်တို့ အလေးသာမည်ဟု မျှော်လင့်ရသည်။

ထို့အတူ ဗီလာနှင့် ဖူလ်ဟမ်တို့ပွဲမှာ သရေပွဲဖြစ်သွားနိုင်သကဲ့သို့ မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်တို့ပွဲကလည်း တစ်မှတ်စီ ခွဲယူသွားနိုင်သည်။ ပို့စ်မောက်နှင့် ဘလက်ဘန်းတို့ပွဲမှာ အိမ်ရှင်ပို့စ်မောက်တို့ အခြေအနေကောင်းနှင့် ကြုံတွေ့နိုင်ပြီး ဆန်းဒါးလန်းနှင့် ဘော်လ်တန်တို့ပွဲမှာ အကြိတ်အနယ်ရှိရမည့် အခြေအနေရှိသည်။ ဝီဂန်နှင့် ဝက်စ်ဘရွန်းတို့ပွဲမှာမူ ဝီဂန်တို့ မနှစ်ကလို လေးဂိုးပြတ်မနိုင်သော်လည်း ပွတ်ကာသီကာဖြင့် နိုင်ပွဲရမည်ဟု ယူဆရပါကြောင်း။ ။

သုံးသပ်တင်ပြသူ - မောင်ချစ်ကြည် စာမျက်နှာဖွဲ့စည်းမှူး - ဉာဏ်ဟိန်းစိုး

စာမျက်နှာ ၈ မှ

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၄)ရပ်ကွက် ပျဉ်းမမြိုင်လမ်းရှိ ဆရာ့နေအိမ်သို့ ရောက်ရှိချိန်တွင် နေကာမျက်မှန်အနက်ကို တပ်ဆင်လျက်နှင့် ဧည့်ခန်း၌ ဆရာ့ကိုတွေ့ရသည်။

ခွဲစိတ်ကုသ

လွန်ခဲ့သည့်တစ်နှစ်ခန့်က မျက်စိကို ခွဲစိတ်ကုသခံခဲ့ရပြီး လေဆာရောင်ခြည်ဖြင့် ကုသခဲ့ရာ မျက်မှန်မပါဘဲ စာတွေပြန်ဖတ်နိုင်ပြီးကာမှ အာရုံကြောတွေကိုက်ခဲလာသဖြင့် ယခုပြန်လည်ကုသနေရသည်ဆို၏။ ထို့ကြောင့် နေကာမျက်မှန်တပ်ဆင်ထားရခြင်းဖြစ်သည်။

ဧည့်ခန်းတွင် ဆရာနှင့်မိတ်ဆက်ကာ ယခုဘာသာပြန်ဆုရစာအုပ်နှင့် ပတ်သက်၍ စကားပြောဖြစ်ခဲ့ပါသည်။

ပြန်ဆိုခဲ့

မူရင်းစာအုပ်မှာ အမေရိကန်စာရေးဆရာ ဟင်နရီဒင်ကာ(Henry Denker) ရေးသည့် "A Place for Kathy"ဟူသည့် စာအုပ်ဖြစ်ပြီး ဆရာက **"အနက်ရောင်အိပ်မက်စိမ်းမြမေတ္တာ"**အမည်ဖြင့် ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

အဖြူရောင်သစ္စာပန်းတစ်ပွင့်

"ဒီစာအုပ်ကိုရ ထားတာတော့ ကြာပါပြီ။ ဒါပေမယ့် မဖတ်ဖြစ်ခဲ့ဘူး။ နောက်မှ ဖတ်ကြည့်လိုက်တော့ လက်ကမချချင်အောင် စွဲသွားတာနဲ့ ဘာသာပြန်ဖြစ်သွားတာပါ။ အဲဒီ စာရေးဆရာရေးတဲ့ အခြားစာအုပ်တစ်အုပ်ကိုလည်း ဆရာနတ်နွယ်က **"အဖြူရောင်သစ္စာပန်းတစ်ပွင့်"**ဆိုပြီး ဘာသာပြန်ဆိုခဲ့ဖူးတယ်။

ဝမ်းသာ

ယခုဆုရတဲ့ စာအုပ်ရဲ့ အကြောင်းအရာကတော့ AIDS ရောဂါနဲ့ ပတ်သက်တဲ့ အလွန်ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းပါပဲ။ စာအုပ်မှာပါတဲ့ ဇာတ်ကောင်အမျိုးသမီးရဲ့ ယောကျ်ားမှာ သွေးမတိတ်တဲ့ ရောဂါရှိတယ်။ နောက်တော့ ကွယ်လွန်သွားတယ်။ သူ့ခမျာ အဲဒီ AIDS ရောဂါကို သူ့ယောကျ်ားဆီက ရလိုက်တယ်။ ဒီရောဂါရှိမှန်းသိတဲ့ အချိန်မှာ ပတ်ဝန်းကျင်က ကြဉ်ကြတယ်။ အရောတဝင်မလုပ်ကြတော့ဘူး။ သူလည်း အဲဒီလို ခံရတယ်။ သူ့မှာ ၁၀နှစ်အရွယ် သမီးကလေးတစ်ယောက်ရှိတယ်။ အဲဒီသမီးကလေးမှာတော့ အဲဒီရောဂါမရှိပေမယ့် ကျောင်းမှာ ဝိုင်းပယ်ခံနေရတယ်။ သူတို့သားအမိ အဲဒီလို လောကဓံကို ခါးစည်းခံနေကြရတယ်။

နောက်သုံးလေးနှစ်အကြာ သူမ ကွယ်လွန်ခါနီးမှာ သမီးကလေးကို အမျိုးတွေဆီ အပ်ခဲ့ဖို့ကြံပေမယ့် ဘယ်သူကမှ လက်မခံကြဘူး။ အဲဒီအခါမှာလည်း အင်မတန် သနားစရာကောင်းတယ်။ ဒါပေမယ့် ကံကောင်းချင်တော့ ဆေးခန်းမှာဆုံခဲ့ဖူးတဲ့ မိတ်ဆွေ အဘွားကြီးတစ်ယောက်က သူ့သမီးကလေးကို မြေးမလေးအဖြစ်နဲ့ မွေးစားလိုက်တယ်။ အဲဒီအဘွားကြီးမှာကလည်း AIDS ရောဂါနဲ့ မြေးကလေးဆုံးသွားလို့ မြေးကလေးကို လွမ်းနေတုန်း အတော်ဖြစ်သွားတယ်။ သူလည်းသမီးကလေးကို အဘွားကြီးဆီ အပ်ပြီးတော့ ဆုံးပါးသွားရှာတယ်။ အဲဒီ လွမ်းစရာ၊ သင်ခန်းစာယူစရာ ဇာတ်လမ်းလေးပါပဲ။ အခုလို အမျိုးသားစာပေဆုကိုချီးမြှင့်ခံရတော့ ဝမ်းသာရပါတယ်"ဟု ဆရာတင်မောင်မြင့်က ရှင်းပြသည်။

ခုခံအားကျဆင်းမှုကူးစက်

ယခင်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ပတ်သက်သည့်စာအုပ်မျိုး ပြန်ဆိုခဲ့တာရှိပါသေးသလားဟု မေးမြန်းကြည့်ရာ-

"အိဒ်စ် AIDS ငရဲခန်းမှ မေတ္တာ အလင်းတန်း"အမည်ဖြင့် စာအုပ်ပြန်ဆိုခဲ့ဖူးကြောင်း၊ သားဖြစ်သူတွင် အိဒ်စ်ရောဂါရရှိသဖြင့် မိခင်ဖြစ်သူကိုယ်တိုင်က အဖြစ်မှန်ပြန်ရေးပြထားသည့် စာအုပ်ဖြစ်ကြောင်း၊ သို့သော် ထိုစာအုပ်မှာ ဆုမရရှိခဲ့ကြောင်း" ရှင်းပြသည်။

ပြန်ဆိုလေ့ရှိ

ထို့နောက် ဆရာက ယနေ့ဘာသာပြန်မျိုးဆက်သစ်များနှင့်ပတ်သက်၍လည်း "ဘာသာပြန်ကောင်းတစ်ယောက်ဖြစ်ရန် စာများများဖတ်ဖို့လိုကြောင်း၊ မိမိဘာသာပြန်လေ့ကျင့်စဉ်က ဆရာမြသန်းတင့်၏ ဘာသာပြန်စာအုပ်တွေထဲက အမျိုးသားစာပေဆုရ **"စစ်နှင့်ငြိမ်းချမ်းရေး"**လို စာအုပ်မျိုးတွေကို အတုယူလေ့လာဖတ်ရှုခဲ့ကြောင်း၊ ဘာသာပြန်စာအုပ်ကို မူရင်းစာအုပ်နှင့်တွဲ၍ နှိုင်းယှဉ် ဖတ်ရှုနိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်း၊ ဘာသာပြန်သည့် အလုပ်မှာ သင်တန်းကျောင်းဖြင့် မလုံလောက်ဘဲ၊ မိမိကိုယ်တိုင်ကြိုးစားဖို့ အရေးကြီးကြောင်း၊ သင်တန်းဆိုသည်မှာ နည်းပေးရုံသာဖြစ်ကြောင်း၊ အင်္ဂလိပ်စာ တတ်မြောက်သူတိုင်း ဘာသာပြန်ကောင်းဖြစ်ရန် မလွယ်ကြောင်း၊ မူရင်းစာရေးဆရာ၏ အာဘော်ကို ထိမိအောင်ပြန်ဆိုနိုင်ရန် အရေးကြီးကြောင်း၊ အင်္ဂလိပ်စာ အပါအဝင်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား စသည့် အခြားဘာသာများနှင့် ရေးသားထားသည့် စာအုပ်များ တိုက်ရိုက်ပြန်ဆိုနိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်း၊ အချို့ဘာသာများကို အင်္ဂလိပ်လို ပြန်ထားသည့် စာအုပ်များမှတစ်ဆင့် ဘာသာပြန်ရ၍ မူရင်းအာဘော်မိအောင် ကြိုးစားရကြောင်း၊ အင်္ဂလိပ်စာနှင့် မူရင်းဘာသာအပြင် မြန်မာစာ အရေးအသားကျွမ်းကျင်ရန် လိုအပ်ကြောင်း၊ ဘာသာပြန်သည့်အလုပ်ကို ခက်ခဲသည်ဆိုကာ မကြိုးစားကြပြန်လျှင် မျိုးဆက်ပြတ်သွားမှာ စိုးရိမ်ကြောင်း၊ မိမိအနေဖြင့် ဘာသာရပ်လိုင်းသီးခြားမထားဘဲ၊ ဖတ်ကြည့်၍ ရင်ထဲစွဲငြိသွားလျှင် ဘာသာပြန်ဖြစ်သွားလေ့ရှိကြောင်း၊ ဖတ်ကြည့်၍ ခံစားတတ်မှသာ ပြန်ဆိုလေ့ရှိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ဆရာတင်မောင်မြင့်ကို ဧရာဝတီတိုင်း ဟင်္သာတခရိုင် စစ်ကျွန်းရွာတွင် အဖ ဦးမောင်ဒွေး၊ အမိဒေါ်ကျော့စိန်တို့က ၁၉၃၆ခုနှစ်၊ စက်တင်ဘာ ၁၉ရက်၌ မွေးဖွားခဲ့သည်။

တောင်ကြီးမြို့ အစိုးရအထက်တန်းကျောင်း(ယခုအထက-၁)မှ ၁၉၅၈ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ ၁၉၆၁ခုနှစ်တွင် ဘီအိုစီကုမ္ပဏီ(ယခု MOGE)တွင် အလုပ်ဝင်ပြီး ၁၉၉၄ခုနှစ်တွင် ငွေစာရင်းအရာရှိအဖြစ်နှင့် အငြိမ်းစားယူသည်။ ၁၉၈၅ ခုနှစ်တွင် သည်းဦးပန်းမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၈၈ခုနှစ်တွင် သတင်းမဂ္ဂဇင်းတွင် ဒုတိယအယ်ဒီတာချုပ်တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ခုနှစ်တွင် နာမည်ရင်းဖြင့် ငွေကျွန် (World Rapers by Jonathan Black) ကိုမြတ်ငြိမ်းနှင့်တွဲပြီး ဘာသာပြန်ခဲ့သည်။ ယနေ့အထိ သံယောဇဉ်ကမ်းခြေ(၁၉၈၃) (Man on Fire by A.J. Quinnell)၊ အချစ်၏ အခြားသောမျက်နှာစာ (၁၉၈၄) (Rendezvons by Evelyne Anthony)၊ ငယ်စာရင်းဝင်မို့ (၁၉၈၄)(Not as a Stranger by Morton Thompson)၊ သံမဏိလိပ်ပြာ (၁၉၈၇) (Philadeiphian by Richard Powell)၊ အရိပ်မဲ့ရုပ်ပုံလွှာ(၁၉၈၅) (Shap Shot by A.J. Quinnell)၊ မဟာရံတံတိုင်းကိုဖြတ်ကျော်ခြင်း (၁၉၈၅) (This Side of Glory by Gwen Bristow)၊ မေတ္တာရှာပုံတော်(၁၉၈၅) (Where Love has Gone by Herold Robin)၊ တမ်းတတတ်သည် (၁၉၈၅) (Remenberance by Dannielle Steel)၊ အချစ်များစွာနဲ့ဆရာ (၁၉၈၇) (To Sir With Love by E.R. Braithwaite)၊ နွေကန္တာ(၁၉၈၈) (Deep Summer by Gwen Bristow)၊ မာနမီးလျှံ(၁၉၉၉) (Body of Love by Charles Keats)၊ မဒမ်ကျူရီ(၂၀၀၁) (Madame Curie by Eve Curie)၊ လေရဟတ်နီ(၂၀၀၄) (Moulin Rouge by Pierre la Mure)၊ တောင်ပံမဲ့သင်းကွဲတေးဆို ငှက်(၂၀၀၄)၊ To Kill a Mocking Bird by Harper Lee)၊ စကားလက် (၂၀၀၆) (Scarlett by A Lexandra Ripley) အပါအဝင် ဘာသာပြန် စာအုပ်ပေါင်း ၄၅ အုပ် ရေးသားခဲ့သည်။ ၂၀၀၁ခုနှစ် အမျိုးသားစာပေဆု(ဘာသာပြန်၊ သုတ)ကို **မဒမ်ကျူရီ** စာအုပ်ဖြင့် လည်းကောင်း၊ ၂၀၀၄ခုနှစ် (ဘာသာပြန်ရသ)ကို **တောင်ပံမဲ့သင်းကွဲတေးဆိုငှက်** စာအုပ်ဖြင့်လည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၅-၁၉၈၁ ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၅ခုနှစ် ဝင်ခွင့်ရရှိသူများအားလုံးနှင့် ၁၉၈၁ခုနှစ်တွင် ဘွဲ့ရရှိခဲ့သူ အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့်တွေ့ဆုံပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၇ရက်ညနေ ၅ နာရီမှ ည ၉ နာရီအထိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ပါ၍ မှတ်တမ်းပြုစုရန်အတွက် ကျောင်းသားအရွယ်နှင့် ယခုအရွယ် ပတ်စပို့ဓာတ်ပုံ နှစ်ပုံ၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် အလှူငွေများအား ဦးစောမောင် ဖုန်း-၀၉-၅၁-၅၆၅၁၅၊ ဦးမောင်အုန်း ဖုန်း-၀၉-၅၁-၂၁၀၃၆၊ ဦးကျော်ဦး ဖုန်း-၀၂-၆၄၀၆၃ (မန္တလေး)၊ ဦးကျော်ဆန်း ဖုန်း-၀၉-၅၀-၀၃၈၁၆၊ ဦးတင်အောင် ဖုန်း-၀၉-၅၁-၃၄၄၉၉ (မန္တလေး)၊ ဦးအောင်နိုင်မြင့် ဖုန်း-၀၁-၅၄၉၅၈၃၊ ဦးစိန်အောင် ဖုန်း-၀၉-၅၀-၀၃၄၂၀၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၀၆၃၇၁၊ ဒေါ်သူဇာမြင့် ဖုန်း-၀၉-၅၁-၃၀၄၅၀၊ ဦးစန်းလွင် ဖုန်း-၀၂-၃၄၁၅၄ (မန္တလေး)၊ ဦးသန်းအောင် ဖုန်း-၀၁-၂၉၀၆၇၇၊ ဒေါ်တင့်တင့်သိန်း ဖုန်း-၀၉-၂၀-၃၃၀၉၁၊ ဦးလှိုင်မြင့် ဖုန်း-၀၉- ၅၁-၁၇၇၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မြတ်ဆရာပူဇော်ပွဲနှင့်တွေ့ဆုံပွဲအချက်အလက်များကို www-rit 75-81-org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

"ငွေဆောင်အလှ သဘာဝ" ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) က ကြီးမှူးကျင်းပမည့် **"ငွေဆောင်အလှသဘာဝ"** ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည်ဖြစ်သည်။

စုံစမ်းနိုင်

ပြိုင်ပွဲဝင်သူ တစ်ဦးလျှင် လေးပုံ တင်သွင်းနိုင်ပြီး ပြိုင်ပွဲဓာတ်ပုံ အရွယ်အစားမှာ (၁၀ လက်မ × ၁၄ လက်မ) ထက်မငယ်ရ၊ (၁၂လက်မ×၁၈ လက်မ) ထက်မကြီးစေရ၊ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ဆုရရှိပါက ဆုရပုံ၏ မူရင်း နဂ္ဂတစ် File များကို ဆုကြေညာပြီး ခုနစ်ရက်အတွင်း တင်ပြနိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဆုကြေးမှာ ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်း၊ တတိယဆု တစ်သိန်းနှင့် နှစ်သိမ့်ဆု ၁၂ဆု တစ်ဆုလျှင် ငါးသောင်းစီ ချီးမြှင့်မည်။ ပြိုင်ပွဲပုံများကို ဒီဇင်ဘာ ၁၂ရက် ညနေ ၅နာရီအရောက် မြန်မာနိုင်ငံဓာတ်ပုံအသင်း ၂၇/၂၉ ၃၅လမ်းအောက် ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇ သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်စည်းကမ်းချက်များကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၌ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုဖိုး

ဂုဏ်ယူဝမ်းမြောက်ခြင်း

တက္ကသိုလ်စိန်တင်

၂၀၀၇ အမျိုးသားစာပေဆု စာပဒေသာဆုကို ဘွားဦးဇွန်း စာအုပ်ဖြင့် ဆုချီးမြှင့်ခံရသော ဆရာတက္ကသိုလ်စိန်တင် မင်းဘူး အသင်းအမှုဆောင်အား လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မင်းဘူးအသင်း (ရန်ကုန်)။

ဆရာ့အတွက် မွေးနေ့ဆုမွန်လွှာ

အစဉ်လေးစားချစ်ခင်ရသော ဆရာဦးမင်းသုခ

(ဌာနမှူး၊ ဂျပန်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်)၏ 29' Nov တွင် ကျရောက်သောမွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ ပျော်ရွှင်စရာမိသားစုနှင့်ဆရာ၏ မွေးနေ့များစွာကို အောင်မြင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

B.A(98 Batch) မှ....

မျိုးသန်း၊ ရန်လင်းနိုင်၊ လှိုင်ဘွား၊ ဝင့်ဝင့်ငြိမ်း၊ ရတနာလွင်။

စာတူဒ္ဒကြိမ်

ပညာရေးဆိုင်ရာစာအုပ်အရောင်းပွဲတော်

(၂၉-၁၁-၂၀၀၈ရက်မှ ၇-၁၂-၂၀၀၈ရက်)

အင်းဝစာအုပ်တိုက်၏ ပြည်ပမှတင်သွင်းထားသည့် ပညာရေးဆိုင်ရာ စာအုပ်သစ်များနှင့် ပြည်တွင်းထုတ်ပညာရေးဆိုင်ရာ စာအုပ်များအား ရောင်းချပေးမည်ဖြစ်ပါသည်။

အင်းဝစာအုပ်တိုက်၊ ၂၃၂၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့၊

ဖုန်း-၂၄၃၂၁၆၊ ၃၈၉၈၃၈။





သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အေးသာယာရပ်၊ ကမ်းနားလမ်း၊ အမှတ် ၅၄နေ ဦးသန်းဆင့်-ဒေါ်မြင့်မြင့်သန်းတို့၏သမီး မဂျူးဂျူးဆင့်အောင် ၅/မရန(နိုင်)၁၄၃၂၇၀သည် မိဘတို့၏ ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးအပေါ် ကိုယ်စိတ်ဆင်းရဲစေသော အပြုအမူများ လုပ်ဆောင်နေပါသောကြောင့် ၄င်းအား ၂၆-၁၁-၂၀၀၈ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်း၏ ဆောင်ရွက်မှုမှန်သမျှသည် ဦးသန်းဆင့်-ဒေါ်မြင့်မြင့်သန်း မိသားစုနှင့် သက်ဆိုင်ပတ်သက်မှု (လုံးဝ) မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

ဦးသန်းဆင့် (MYA-၁၄၃၁၀၈)

ဒေါ်မြင့်မြင့်သန်း (MYA-၁၄၃၀၀၃)။

စာဆိုတော်နေ့အထိမ်းအမှတ်နှင့်ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ကြီးကြပ်မှု၊ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက် ၉နာရီခွဲက အထက(၅) မရမ်းကုန်းတွင် စာဆိုတော်နေ့နှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်(မရမ်းကုန်း) က ဖတ်ကြားပြီး ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန် (ဝဲပုံ)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး)တို့က အမှာစကားပြောကြားကြသည်။

ထို့နောက်စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာရေးဆရာမောင်မြင့်အောင်က ''ဘဝနေနည်းအနုပညာ''၊ လူရွှင်တော် ရွှေဖလား ပြိုင်ပွဲဆုရ ဟာသ သရုပ်ဆောင် ချစ်ချောက ''မိမိကိုယ်မိမိ တည်ဆောက်ခြင်း''၊ စာရေးဆရာမောင်လွမ်းနွယ်(အောင်လံ)က ''မြင်းမိုရ်တောင်ကို ဦးခိုက်ခြင်း'' ခေါင်းစဉ်များဖြင့် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် တာဝန်ခံ မူးယစ် ကြီးကြပ်ရေးမှူး ဒေါ်သက်သက်မာက HIV/AIDS ရောဂါ အန္တရာယ် လျော့ချရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းကို လည်းကောင်း ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

Air Bagan Open Golf Championships

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ Pyin Oo Lwin Golf Club ၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ သိန်းဇော်မြင့် (KM Golf Centre) နှင့်ဇော်ဇော်လတ် (SRIXON) တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

စိုးကျော်နိုင် (SRIXON)နှင့် မင်းနိုင် (SRIXON)တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၅ချက်စီဖြင့် ဒုတိယ လိုက်နေကြပြီး ဇော်ဇင်ဝင်း (SRIXON)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၆ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ရန်မျိုးအေးနှင့် ဇော်လတ်တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၅၀စီဖြင့် ဒုတိယ လိုက်နေကြပြီး မျိုးဝင်းအောင်နှင့် ခင်မောင်အေးတို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၂ချက်စီဖြင့် တတိယ လိုက်နေသည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို မြန်မာ ဂေါက်သီးရိုက် အားကစားသမားများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Hotel Yangon, Ruby Dragon (Jade and Gems) Co., Ltd. KBZ Bank Ltd. Alpine Purified Drinking Water, Dagon Brewery Co., Ltd. MY Associates Co., Ltd. Srixon, KM Golf Center, ACCEL International Co., Ltd. (Cannon) နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

နိုဝင်ဘာ၂၉ရက်**(ယနေ့)**နံနက်ပိုင်းတွင် တတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယနေ့ ပြိုင်ပွဲတွင် ဦးဆောင် ကစားလျက်ရှိသော သိန်းဇော်မြင့်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းန ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်း၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

ရန်ကုန် နိုဝင်ဘာ ၂၈

နိုဝင်ဘာ၂၈ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကိုဖော်ပြရပါလျှင် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာခဲ့သည်။

ညအပူအချိန်များမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့၌ ၂ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

နိုဝင်ဘာ၂၉ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသ အခြေအနေကို ခန့်မှန်းရပါက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

နိုဝင်ဘာ၂၉ရက် (**ယနေ့**)နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးတို့ အနီး တစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အာရှအကောင်းဆုံးဘောလုံးသမားဆုရ ကစားသမားနှစ်ဦး ချယ်လ်ဆီးအသင်းက လာရောက်လေ့ကျင့်ရန်ဖိတ်ခေါ်

လန်ဒန် နိုဝင်ဘာ ၂၈

ချယ်လ်ဆီးအသင်းသည် အာရှ အကောင်းဆုံးဘောလုံးသမား အဖြစ် ရွေးချယ်ခံရသည့် ဥဇဘက်ကစ္စတန် ကစားသမား ဆာဗာဒီ ဂျေပါရော့ဗ်(ဝဲပုံ)နှင့် အာရှအကောင်းဆုံးလူငယ်ဘောလုံးသမားဆုရ ယူအေအီးဘောလုံးကြယ်ပွင့် တိုက်စစ်မှူး အာမက်ခါအီလ်တို့အား ချယ်လ်ဆီး၌ လေ့ကျင့်မှုတစ်လ လာရောက်ပြုလုပ်ရန် ဖိတ်ခေါ်ထားသည်။

ဖိတ်ခေါ်

ဆာဗာဒီဂျေပါရော့ဗ်နှင့် အာမက်ခါအီလ်တို့ကို မိမိတို့ဖိတ်ခေါ်ထားကြောင်း၊ အာရှဘောလုံးကြယ်ပွင့်များကို မိမိတို့ မျှော်လင့်ချက်ထားကြောင်း ချယ်လ်ဆီးကလပ်မှ ပြောရေးဆိုခွင့်ရှိသူ စီမွန်ဂရင်းဘတ်က ပြောကြားသည်။

အာရှဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အကူအညီပေးမည်ဟု အာရှဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူညီထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒီဂျေပါရော့ဗ်သည် အသက်၂၆နှစ်အရွယ်ရှိပြီး ဥဇဘက်ကစ္စတန်လိဂ်၌ ဘန်ယိုကောအသင်းအား ချန်ပီယံဖြစ်အောင်အဓိက စွမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့အတူ အသက် ၁၇နှစ်အရွယ် အာမက်ခါအီလ်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၉နှစ်အောက် ဘောလုံးပြိုင်ပွဲ၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူ ဖြစ်သည်။

(အင်တာနက်)

အေစီမှ ကာကာနှင့် ပရီမီယာလိဂ် အပြောင်းအရွှေ့

မောင်မောင်မြင့်ဆွေ ရေးသား၍ ခိုင်လွင်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မီလန် နိုဝင်ဘာ ၂၈

လာမယ့်နှစ် ဇန်နဝါရီအပြောင်းအရွှေ့မှာ စိတ်ဝင်စားစရာဖြစ်လာဦးမယ့် ကစားသမားကတော့ အေစီမီလန်တိုက်စစ်မှူး ကာကာပဲ ဖြစ်ပါတယ်။ မိမိအနေနဲ့ ပရီမီယာလိဂ်မှာကစားဖို့ စိတ်အားထက်သန်မှုတွေ ဖြစ်နေပြီလို့ ထုတ်ဖော်ပြောကြားလိုက်တာကြောင့် ကာကာကို ခေါ်ယူလိုတဲ့ ပရီမီယာလိဂ်ကလပ်ပိုင်ရှင်တွေ လှုပ်လှုပ်ရွရွ ဖြစ်သွားကြရပါတယ်။

ကာကာအနေနဲ့ကတော့ မိမိ ပရီမီယာလိဂ်မှာ ကစားလိုတဲ့အသင်းတွေဟာ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ပဲဖြစ်ပြီး ကစားခွင့်ရရင် မိမိရဲ့မျှော်လင့်ချက်ပြည့်မြောက်ကာ ပျော်ရွှင်မှုဖြစ်လာမှာ သေချာပါတယ်လို့ ပြောကြားနေပါတယ်။

ပရီမီယာလိဂ်၌ ကစားရန် စိတ်အားထက်သန်နေသည့် ကာကာ။

ထုတ်ဖော်ပြောကြား

အသက် ၂၆နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကာကာအနေနဲ့ ကမ္ဘာ့ဘောလုံးပရိသတ်တွေ စိတ်ဝင်စားမှုအရှိဆုံးဖြစ်နေတဲ့ ပရီမီယာလိဂ်မှာ မနှစ်က ဘောလုံးရာသီကတည်းက သွားရောက်ကစားလိုစိတ် ဖြစ်ပေါ်နေခဲ့တာပါ။ ဒါပေမယ့် အကြောင်းကြောင်းတွေကြောင့် ပြောင်းရွှေ့မကစားဖြစ်ခဲ့လို့ အခုတော့ သူ့ရဲ့ဆန္ဒကို တရားဝင် ထုတ်ဖော်ပြောကြားလိုက်တာပဲ ဖြစ်ပါတယ်။

ကာကာအနေနဲ့ အခုလို ပရီမီယာလိဂ်မှာ ကစားလိုတယ်ဆိုတဲ့ ဆန္ဒရှိနေတာကို ကြိုတင်လေ့လာသိရှိထားတဲ့ မန်စီးတီးကလပ်ပိုင်ရှင် အာဘူဒါဘီစီးပွားရေးလုပ်ငန်းအုပ်စုပိုင်ရှင် အာရပ်ဇော်ဘွားတွေက ခြေသွက်လက်သွက်နဲ့ လှုပ်ရှားပြီး ကာကာကိုခေါ်ယူဖို့ ပြင်ဆင်နေပြီး တရားဝင်ပြောင်းရွှေ့ဖို့ စာချုပ်ချုပ်ဆိုရေးတွေတောင် ဆွေးနွေးခဲ့ပြီးပြီလို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။

နှစ်သက်သဘောကျ

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအဖြစ် ပို့စ်မောက်နဲ့ ကစားခဲ့တဲ့ပွဲမှာလည်း မိမိက ပရီမီယာလိဂ်ရဲ့ကစားပုံကို နှစ်သက်သဘောကျတယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါကလည်း ပရီမီယာလိဂ်မှာ ကမ္ဘာကျော်ဘောလုံးသမားတွေ စုဝေးရောက်ရှိကစားနေကြတဲ့အပြင် ကမ္ဘာ့ထိပ်တန်းအဆင့်ဝင် ဘောလုံးအသင်းတွေလည်း ပေါများတာမို့ မိမိကစားလိုခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

နောက်ပြီး ပရီမီယာလိဂ်ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးလိဂ်ပြိုင်ပွဲတစ်ရပ်လည်းဖြစ်ပြီး ဘောလုံးသမားတွေရဲ့ တစ်ဦးချင်း ကစားဟန်၊ ကမ္ဘာ့ပရိသတ်တွေရဲ့ အားပေးမှုနဲ့အတူ စီးပွားရေးသမားတွေရဲ့ မျက်စိကျစရာအဖြစ်ရောက်ရှိနေတာမို့ ကစားဟန် ပြောင်းလဲလိုနေတဲ့ ကာကာအဖို့ ပရီမီယာလိဂ်မှာ သွားရောက်ကစားဖို့ ဆုံးဖြတ်ချက် ခိုင်မာစေခဲ့တာပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်က ကာကာရဲ့ သူငယ်ချင်းဖြစ်သူ ရော်ဘင်ဟိုကလည်း ပြီးခဲ့တဲ့ ဩဂုတ်လ အပြောင်းအရွှေ့ ဈေးကွက်အပိတ်မှာ မန်စီးတီးကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ရောက်ရှိသွားခဲ့တာကလည်း သူ့ကို တွန်းအားတစ်ရပ်ဖြစ်စေခဲ့တယ်လို့ ဆိုပါတယ်။ မန်စီးတီးမှာ ကာကာရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ရော်ဘင်ဟိုနဲ့ အီလာနိုတို့ရှိနေတာမို့ ကာကာအနေနဲ့ မန်စီးတီးရောက်ဖို့ ရာနှုန်းပြည့်နီးပါးရှိနေပြီလို သတင်းတွေ ထွက်နေတာပဲ ဖြစ်ပါတယ်။

မန်စီးတီးပိုင်ရှင်တွေကတော့ အေစီမီလန်ကလပ်ကိုချဉ်းကပ်ပြီး ကာကာပြောင်းရွှေ့ရေးကို ဆွေးနွေးနေတယ်လို့ဆိုပါတယ်။ ကာကာရဲ့ ပြောင်းရွှေ့ကြေးအပေါ် မဆွေးနွေးဘဲ ပြောင်းရွှေ့ခွင့်ပြုရေးကိုပဲ အဓိက ဆွေးနွေးနေခြင်း ဖြစ်ပါတယ်။

မက်လုံးပေး

မန်စီးတီးကလပ်ပိုင်ရှင် ဇော်ဘွားသူဌေးတွေဟာ ကာကာရဲ့ပြောင်းရွှေ့ကြေးကို စံချိန်တင်ပေးချေသွားမယ်လို့ မက်လုံးပေးထားပါတယ်။ ဒါ့အပြင် ကာကာရဲ့ တစ်ပတ်လုပ်ခလစာကိုလည်း အံ့အားသင့်အောင် ပေးသွားမယ်လို့ ဆိုနေပြန်ပါတယ်။

မန်စီးတီးအသင်းဟာ ချယ်လ်ဆီးနောက်ခံလူ အက်ရှ်လေကိုးနဲ့ ဂျူဗင်းတပ်စ်ကိုးသမား ဘတ်ဖွန်းတို့ကိုလည်း ခေါ်ယူစာချုပ်ဖို့ ပြင်ဆင်နေတာမို့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းဖြစ်အောင် တည်ဆောက်တဲ့နေရာမှာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိထားတဲ့ ကာကာကိုလည်း လက်လွတ်မခံဘဲ ရအောင်ခေါ်ယူသွားမှာဖြစ်တယ်လို့ မန်စီးတီးပိုင်ရှင်တွေက ပြောကြားနေပါတယ်။

စောင့်မျှော်

ကာကာအနေနဲ့ကလည်း ငွေကြေး အဓိကမထားဘဲ ကစားဟန်ပြောင်းလဲပြီး ပရီမီယာလိဂ်မှာ အကောင်းဆုံးခြေစွမ်းပြလိုတာမို့ ကာကာနဲ့ မန်စီးတီးတို့ကတော့ ပေါင်းဆုံဖို့အကြောင်းဖန်လာပြီလို့ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးကို လာမယ့်နှစ်အကူးမှာ ကာကာပြောင်းရွှေ့ရောက်ရှိလာမယ့်ရက်ကိုပဲ စောင့်မျှော်ရတော့မှာဖြစ်ပါကြောင်း။ ။ **(ကိုးကား-အင်တာနက်)**

စပါးနောက်ခံလူအလန်ဟတ်တွန် ဒဏ်ရာခွဲစိတ်ရန်အတွက် ငါးလခန့်နားရဖွယ်ရှိ

စပါးနောက်ခံလူ အလန်ဟတ်တွန်။

ချစ်စိုးနိုင်စုစည်းတင်ပြသည်

လန်ဒန် နိုဝင်ဘာ ၂၈

စပါးနောက်ခံလူ အလန်ဟတ်တွန်သည် ညာခြေထောက်အရိုးအက်ဒဏ်ရာကို ခွဲစိတ်ကုသရမည်ဖြစ်သောကြောင့် ငါးလခန့် အနားယူရဖွယ်ရှိသည်။

ပြောကြား

အသက် ၂၃နှစ်ရှိ စကော့တလန် လက်ရွေးစင်ကစားသမား ဟတ်တွန်သည် ကာလကြာရှည်စွာအနားယူရဖွယ်ရှိကြောင်း စပါးနည်းပြ ဟာရီရက်နက်က ထုတ်ဖော်ပြောကြားခဲ့သည်။ ဟတ်တွန်သည် ရာသီအစ၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်လက လက်ရွေးစင်အသင်းသို့ ပြန်လာကာ လွန်ခဲ့သည့်သီတင်းပတ်က စကော့တလန်နှင့် အာဂျင်တီးနား ချစ်ကြည်ရေးပွဲစဉ်တွင် ပွဲချိန်ပြည့် ပါဝင်ကစားခဲ့သည်။ **(အင်တာနက်)**

လက်ဝှေ့သရဖူကာကွယ်ပွဲ နစ်ကီကွတ်ပြိုင်ပွဲမှထွက်ရ

လန်ဒန် နိုဝင်ဘာ ၂၈

လက်ဝှေ့ကျော် နစ်ကီကွတ်သည် တုပ်ကွေးဖျားမှုကြောင့် လန်ဒန်မြို့၌ ၎င်း၏ဒဗလျူဘီအိုစူပါဖယ်သာဝိတ်သရဖူ ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၆ရက်တွင် စတီဖင်ဖော်စတာဂျူနီယာနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲစဉ်နှင့် လွဲချော်ရပြီဖြစ်သည်။

ပထမဦးဆုံးပွဲ

ဒါဂင်ဟမ်မြို့သား လက်ဝှေ့သမားကွတ်သည် ပြီးခဲ့သည့် စက်တင်ဘာလက ၎င်း၏လက်ရှိသရဖူကို လက်ဝှေ့ကျော် အလက်တာသာထံမှ ရယူပြီးကတည်းက ယခုပွဲတွင် ပထမဦးဆုံးပွဲအဖြစ် ပြန်လည်ပွဲထွက်ရန် စီစဉ်ထားခြင်းဖြစ်သည်။



လက်ဝှေ့ကျော် နစ်ကီကွတ်

၎င်းအနေဖြင့် သရဖူကို မကာကွယ် နိုင်လောက်အောင်ဖြစ်ရသည်မှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း လန်ဒန်မြို့ အိတ်စ်ဆဲလ် အားကစားရုံကြီးတွင် ဖော်စတာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့်ပွဲနှင့် လွဲချော်ခဲ့ရသူ ကွတ်ကပြောကြားခဲ့သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်းအတိုအထွာ

လီဗာပူး ချန်ပီယံလိဂ်ဖလားရနိုင်ဟု ဂျရတ်ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၈

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်သည့် ခြေစွမ်းရှိကြောင်း အသင်းခေါင်းဆောင် ဂျရတ်က ထုတ်ဖော်ပြောကြားလိုက်သည်။ နိုဝင်ဘာ ၂၇ရက်က မာဆေးအသင်းကို အနိုင်ရခဲ့ခြင်းမှာ ချန်ပီယံလိဂ်သရဖူကို ရယူရန် အရေးပါသည့် အောင်ပွဲတစ်ရပ်ဖြစ်ကြောင်း ဂျရတ်ကပြောကြားသည်။

အာဆင်နယ်အသင်း အမှုဆောင်ချုပ်အသစ်တာဝန်ပေး

အာဆင်နယ်အသင်းသည် မေဂျာလိဂ် ဘောလုံးလက်ထောက်ကော်မရှင်အဖွဲ့ဝင် အီဗန်ဂါဇီဒစ်အား ၎င်းတို့၏အမှုဆောင်ချုပ် အသစ်အဖြစ် တာဝန်ပေးလိုက်သည်။

အသက် ၄၄နှစ်ရှိ တောင်အမေရိကတိုက်ဖွား အောက်စဖို့ဒ်မှ ဘွဲ့ရထားသူ ဂါဇီဒစ်သည် လာမည့် ဇန်နဝါရီလတွင် ၎င်း၏ရာထူးကိုလက်ခံရယူကာ တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ၎င်း၏အမေရိကန်လိဂ်နှင့် ၁၄နှစ်ကြာ လက်တွဲလုပ်ဆောင်နေမှုများကိုလည်း အဆုံးသတ်စေမည်ဖြစ်သည်။ ဂါဇီဒစ်သည် ယခင်အာဆင်နယ်၏ ဒုတိယဥက္ကဋ္ဌဟောင်း ဒေးဗစ်ဒိန်းကဲ့သို့ပင် ကစားသမားစာချုပ် ချုပ်ဆိုခြင်းနှင့် စေ့စပ်ညှိနှိုင်းမှု စသည့်တာဝန်များကို ကိုင်တွယ်ဖြေရှင်းဖွယ်ရှိသည်။

ရလဒ်ကောင်းရရှိအောင်စွမ်းဆောင်မည်ဟု တိုက်စစ်မှူးရှွန်နေပြောကြား

ယခုလာမည့် သီတင်းပတ်အကုန်၌ မန်စီးတီးနှင့်ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်၌ မန်ယူ၏ရလဒ်များကို ကောင်းအောင် စွမ်းဆောင်မည်ဖြစ်ကြောင်း မန်ယူတိုက်စစ်မှူး ရှွန်နေက ပြောကြားသည်။

မန်စီးတီးအသင်းသည် ယခုဘောလုံးရာသီတွင် ပထမဦးဆုံးအဖြစ် ၎င်းတို့၏ အိမ်ကွင်း၌ နိုဝင်ဘာ ၃၀ရက်တွင် မြို့ခံပြိုင်ဘက်မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာချုပ်သက်တမ်းကုန်သည့်တိုင် နုတ်ထွက်မည်မဟုတ် အဲဗာတန် ကွင်းလယ်ကစားသမား ကာဟေးလ်ပြောကြား

အဲဗာတန်နှင့် ဩစတြေးလျ ကွင်းလယ်ကစားသမား တင်ကာဟေးလ်သည် ၎င်း၏ဇာတိ ဩစတြေးလျသို့ ပြောင်းရွှေ့ရန် စီစဉ်နေသည်ဟူသော သတင်းများ ထွက်ပေါ်မှုကြောင့် စိတ်ပျက်လျက်ရှိသည်။

အသက် ၂၈နှစ်ရှိ ကာဟေးလ်၏ အဲဗာတန်နှင့် လက်ရှိစာချုပ်မှာ ၂၀၁၂ခုနှစ်တိုင်အောင် ချုပ်ဆိုထားပြီး စာချုပ်သက်တမ်း ကုန်ဆုံးသွားသည့်တိုင်အောင် အင်္ဂလန်ကလပ်မှ နုတ်ထွက်မည် မဟုတ်ကြောင်း ကာဟေးလ်က အခိုင်အမာ ပြောကြားခဲ့သည်။

ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်မည်ဟု စီရိုနယ်ဒိုယုံကြည်

မန်ယူအသင်းသည် ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်မည်ဟု ခိုင်မာစွာယုံကြည်ကြောင်း မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒိုက ပြောကြားသည်။ လက်ရှိခြေစွမ်းနှင့် ကစားသမားများ၏ ပင်ကိုစွမ်းရည်များကြောင့် မိမိတို့လက်ဝယ်ရှိ ချန်ပီယံလိဂ်ဖလားကို ထပ်မံပိုင်ဆိုင်ခွင့်ရရှိမည်ဟု စီရိုနယ်ဒိုက ဆက်လက်ပြောကြားသည်။

ရှက်ဖီးအသင်းနည်းပြ ဘရိုင်ယန်လော့စ် အသင်းနှင့်စာချုပ်သစ် ထပ်မံချုပ်ဆို

ရှက်ဖီးဝက်နက်စ်ဒေးနည်းပြ ဘရိုင်ယန်လော့စ်သည် အသင်းနှင့် ၂၀၁၁ခုနှစ် နွေရာသီတိုင်အောင် စာချုပ်ထပ်မံတိုးချဲ့ ချုပ်ဆိုလိုက်သည်။ လက်ထောက်နည်းပြ ရပ်စ်ဝီလ်ကောက်စ်သည်လည်း အလားတူ စာချုပ်ထပ်မံချုပ်ဆိုခဲ့သည်။

မိမိ၏အလုပ်ကို ယခုကဲ့သို့ စာချုပ်သစ်ထပ်မံချုပ်ဆိုရခြင်း၏ရည်ရွယ်ချက်သည် ရှက်ဖီးအသင်းအား ပရီမီယာလိဂ်သို့ ပြန်ရောက်ရေးအတွက် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ရန်ပင်ဖြစ်ကြောင်း၊ အဆိုပါရည်မှန်းချက်သည်ပင် မိမိ၏ခြေစွမ်းထက်မြက်သောအသင်းနှင့်အတူ အောင်မြင်မှုကို ဆောင်ကြဉ်းရန် တွန်းအားပင်ဖြစ်ကြောင်း နည်းပြဘရိုင်ယန်လော့စ်က ဘီဘီစီသို့ ပြောကြားသည်။

လော့စ်သည် ၂၀၀၆ခုနှစ် နိုဝင်ဘာလက နော်တင်ဟမ်ဖောရက်စ်အသင်းမှ ရှက်ဖီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယခုနှစ်တွင် အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးခဲ့သဖြင့် စာချုပ်ထပ်မံတိုးချဲ့ချုပ်ဆိုခဲ့ခြင်းဖြစ်ရာ ၎င်း၏အသင်းဟောင်း နော်တင်ဟမ်ဖောရက်စ်အသင်းကလည်း ၎င်းအားခေါ်ယူရန်ဆက်သွယ်နေသည်။

မိုးစပါးဆင်းသွယ်လတ် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း ပန်းတိုင်အထွက်နှုန်းနှင့် ပိုးမွှားကင်းရှင်းရေး ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး၊ ကော်မတီဝင်နှင့် ဌာနမှူးများလိုက်ပါလျက် နိုဝင်ဘာ ၁၇ရက် ညနေ ၃နာရီခွဲက ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု ထွေ့ကြီးကုန်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနမှ စိုက်ပျိုးထားသော ဆင်းသွယ်လတ်မိုးစပါး ၃၇ဒသမ၅၄ဧက အောင်မြင်ဖြစ်ထွန်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

အောင်မြင်ဖြစ်ထွန်း

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့အား စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန စိုက်ကွင်းတာဝန်ခံက မိုးစပါးဆင်းသွယ်လတ် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က မိုးစပါးတစ်ဧကေ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီ ရိတ်သိမ်းရေး၊ အလေအလွင့် နည်းပါးရေးတို့အတွက် စိုက်ကွက်တာဝန်ခံနှင့် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၁၃)

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မဟာမြိုင်လမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၄ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

သရက်ချောင်းမြို့နယ် သရက်နှစ်ခွစံပြကျေးရွာ၌ အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

သရက်ချောင်း နိုဝင်ဘာ ၂၄

တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် သရက်နှစ်ခွ စံပြကျေးရွာတွင် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်တော် ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ရွာလုံးကျွတ် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၄ရက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဦး၊ မြို့နယ်တရားသူကြီး ဦးမြင့်လွင်၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း၂၀၀ခန့် တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင်သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်က ပူဇော်ပွဲအတွက် သက်န်းအစုံ၂၀ပေးအပ်လှူဒါန်းပြီး ထားဝယ်မြို့နယ် သတင်းထောက် ဦးခင်မောင်ကြီးနှင့်သား စည်သူနိုင်တို့က ပူဇော်ပွဲအတွက် အလှူငွေကျပ်တစ်သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၈၇)

ဟင်္သာတမြို့မဈေး အသား၊ ငါးဆိုင်များ ရောင်းချမှုစစ်ဆေး

ဟင်္သာတ နိုဝင်ဘာ ၂၀

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ မြို့မဈေး၊ ငွေဝင်းဈေးကြီးအတွင်း အသား၊ ငါး ရောင်းချသောဆိုင်များ၌ ယင်လုံဆန်ခါဖြင့် စနစ်တကျ ဖုံးအုပ်ရောင်းချမှု အခြေအနေကို အောက်တိုဘာ ၃၁ရက်က ဒုတိယဦးစီးမှူး-ဈေး ဦးငွေမြင့်အောင်နှင့် ကျန်းမာရေးမှူး(၂) ဦးဝေလင်းထွန်းတို့ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တာချီလိတ်မြို့ လွန်းကျိုင်းကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်သော ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးသက်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မှုခင်းသတင်း — မိခင်ရင်းအား ပုဆိန်ဖြင့်ခုတ်သတ်သူ ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချ

ပေါင် နိုဝင်ဘာ ၂၄

ဒေါသစိတ်ကြောင့် မိခင်ရင်းဖြစ်သူအား ပုဆိန်ဖြင့်ခုတ်သတ်ခဲ့သော သားဖြစ်သူအား သထုံခရိုင်တရားရုံး တွဲဖက်တရားသူကြီး(၂)က အောက်တိုဘာ၁၀ရက်က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

တစ်သက်တစ်ကျွန်း

ဖြစ်ပွားပုံမှာ လွန်ခဲ့သော ဩဂုတ် ၄ရက် ည၁၀နာရီခန့်က ထော်လာဂျီအငှားမောင်းသော သားဖြစ်သူ အိမ်သို့ပြန်ရောက်ချိန်တွင်အိမ်သုံးစရိတ်မရှိသဖြင့် သားဖြစ်သူထံ ငွေတောင်းရာ သားက ယာဉ်ပိုင်ရှင်ထံမှ လုပ်ခမရသေး၍ ပေးရန်ငွေမရှိကြောင်း ပြန်ပြောခဲ့သည်။ သားအမိနှစ်ဦး အချေအတင် စကားများကြရာမှ မိခင်ဖြစ်သူ ဒေါ်စန်းရွှေ ဆူပူကြိမ်းမောင်းသည်ကို မခံမရပ်နိုင်ဖြစ်ကာ ဒေါသစိတ်ကြောင့် သားဖြစ်သူ အောင်နိုင်စိုးက အိမ်နံရံတွင် ထောင်ထားသော ပုဆိန်ဖြင့် လေးချက် ခုတ်ခဲ့ရာ မိခင်ဖြစ်သူ ပွဲချင်းပြီး သေဆုံးခဲ့သည့်အတွက် သထုံခရိုင်တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၁၆/၀၈ ပုဒ်မ ၃၀၂(၂) အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ (၁၇၆)

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော သဖန်းအိုင်-စံပြလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်နှင့်အဖွဲ့ အဖွဲ့ပိုင် လမ်းကြိတ်စက်ဖြင့် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ အောက်တိုဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးမိုးဟိန်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၁-၁၂-၂၀၀၈ရက် (တနင်္လာနေ့)
- ☐ The Philosophy of Filial Piety in Bama Buddhist Family
  - ဗမာဗုဒ္ဓဘာသာမိသားစု၏ သားသမီးတို့က မိဘတို့အပေါ် စောင့်ရှောက်ခြင်းဆိုင်ရာအတွေးအခေါ်
  - တတိယနှစ် ဒဿနိကဗေဒ အထူးပြုနှင့် ဒဿနိကဗေဒ ဂုဏ်ထူးတန်း ကျောင်းသား ကျောင်းသူများ
- ☐ ပရိတ်တော်အကြောင်း သိကောင်းစရာ
  - ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ

၂-၁၂-၂၀၀၈ရက် (အင်္ဂါနေ့)
- ☐ The Culture of Badalin Cave
  - ရှေးဟောင်းသုတေသနပညာ အထူးပြုနှင့် မြန်မာမှုအထူးပြု ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားများအားလုံး
- ☐ A Cultural Comparative Study between Pyu and Bagan
  - ရှေးဟောင်းသုတေသနအထူးပြုနှင့် မြန်မာမှုအထူးပြုနှင့် SEAP Studies ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားများအားလုံး

၃-၁၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)
- ☐ The Culture of Visnu Old City
  - ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ အားလုံး
- ☐ သက်ရှိနှင့်ပတ်ဝန်းကျင်
  - ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ

၄-၁၂-၂၀၀၈ရက် (ကြာသပတေးနေ့)
- ☐ Numerical Methods for Initial Value Problems
  - မဟာသိပ္ပံ ဒုတိယနှစ်သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Hilbert Spaces and Banach Spaces
  - မဟာသိပ္ပံ ပထမနှစ်သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၅-၁၂-၂၀၀၈ရက် (သောကြာနေ့)
- ☐ Botany as a Science
  - ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ
- ☐ The Plant Body
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

၆-၁၂-၂၀၀၈ရက် (စနေနေ့)
- ☐ Absorption and Transport of water and minerals
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Thallus Organization of Algae
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Origin of Life
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Cell Division
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Botany as a Science
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Organ
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Plant Heredity
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၇-၁၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)
- ☐ Soil Erosion and Soil Conservation
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Plate Tectonics
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Population of Myanmar Naing Ngan
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Geography of Manufacturing
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Activity Components of Economic Geography
  တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Geomorphology Weathering Process
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Types of Plants
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာရေးဆရာများနှင့် တွေ့ဆုံခြင်း

မိမိတို့ အမျိုးသား စာနဲ့စကားကိုမှ အလေးမထားရင် မြန်မာစာဆိုတာ ရေရှည်မှာ အဓိပ္ပာယ် မဲ့သွားစေနိုင်

တွေ့ဆုံမေးမြန်းသူ - ဝင်းကျော်(မြန်မာ့အလင်း) ❖ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) ❖ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ

ရန်ကုန် နိုဝင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှ ၂၀၀၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ စိစစ်ရွေးချယ်၍ အမျိုးသားစာပေဆုရ စာရေးဆရာများစာရင်းကို နိုဝင်ဘာ ၂၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

'ဒီနေ့ခေတ် လူငယ်တွေ အနေနဲ့ ပျက်စီးတာ တိုးတက်တာ ခွဲခြားသိဖို့ လိုပါတယ်'

ဆင်ဖြူကျွန်းအောင်သိန်း

ထိုက်တန်စွာချီးမြှင့်

ယင်းအမျိုးသားစာပေဆုများနှင့်အတူ တန်ဖိုးအရှိဆုံးဖြစ်သည့် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း(ဦးကြည်အေး)အား ထိုက်တန်စွာ ချီးမြှင့်ခဲ့သည်။

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ဘဝတစ်လျှောက်လုံး အားထုတ်ရေးသားခဲ့သော အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းအား စာမျက်နှာ ၈ ကော်လံ ၁ ❐

အတ္ထုပ္ပတ္တိစာအုပ်ကို ရွေးချယ်ဆုပေးခဲ့တဲ့အတွက် ဝမ်းမြောက်ပီတိဖြစ်ရ

စာပဒေသာဆုရ တက္ကသိုလ်စိန်တင်

နံရံဆေးရေးပန်းချီတွေရဲ့ အခန်းကဏ္ဍကို ပေါ်လွင်စေလို

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ စာရေးဆရာမ စန္ဒာခင်

'လူငယ်တွေ စံနမူနာပြုပြီး ကြိုးစားစေချင်လို့ အတ္ထုပ္ပတ္တိစာအုပ်များကို တစိုက်မတ်မတ် ရေးသားခဲ့ခြင်းဖြစ်ပါတယ်'

တက္ကသိုလ်စိန်တင်

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာစာပေသည် နှစ်ပေါင်းရာထောင်ချီကာ ခိုင်မာတည်တံ့ခဲ့သည်။ ခေတ်အဆက်ဆက် မြန်မာ့စာပေလောက အရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဖွံ့ဖြိုးရှင်သန်စေရန် မြန်မာစာပေပညာရှင်များ တစိုက်မတ်မတ် ကြိုးစားအားထုတ်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတော်က နှစ်စဉ်အမျိုးသားစာပေဆုများ ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိသည့်ပုဂ္ဂိုလ်များကို ရွေးချယ်ကြေညာပေးလိုက်ပြီဖြစ်သည်။

တွေ့ဆုံမေးမြန်း

ထို့ကြောင့် အမျိုးသားစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်ကြီးများအား မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ ဘွားဦးဇွန်းစာအုပ်ဖြင့် စာပဒေသာဆုရရှိခဲ့သည့် စာရေးဆရာ တက္ကသိုလ်စိန်တင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ရေးသားပြုစု

အမျိုးသားစာပေဆု (စာပဒေသာ)ဆုရရှိခဲ့သည့် ဘွားဦးဇွန်းစာအုပ်ရေးသားခဲ့မှုနှင့်ပတ်သက်ပြီး စာရေးဆရာ တက္ကသိုလ်စိန်တင်က **''ဒီစာအုပ်ကို ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် ရေးသားပြုစုခဲ့တာဖြစ်ပါတယ်။** စာမျက်နှာ ၈ ကော်လံ ၄ ✻

➢ အမေးအရေး - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
➢ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

'ကိုယ့်ယဉ်ကျေးမှုကို ဂုဏ်ယူတတ်၊ မြတ်နိုးတန်ဖိုးထားတတ်ပြီး ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့ အလေ့အကျင့်ရှင်သန်လာစေဖို့ ရည်ရွယ်ပါတယ်'

စာရေးဆရာမ စန္ဒာခင်

ပဲခူးတိုင်းအတွင်း မိုးစပါးများ လှိုင်လှိုင်ထွက်ရှိ တွက်ခြေကိုက်ပြီး အမြတ်ရသည့်ဈေးနှုန်းဖြင့် တောင်သူများရောင်းချ

➢ သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
➢ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၈

ပဲခူးမြို့မှအထွက်တွင် မိုးဖွဲဖွဲရွာနေသည်။ မိုးမှုန်မိုးဖွဲလေးများနှင့်အတူ လယ်ကွင်းများမှ ဖြတ်တိုက်လာသော သန့်ရှင်းလတ်ဆတ်သည့်လေနုလေအေးကို ရှူရှိုက်ရသည်မှာ ရင်ဝယ်အေးမြမြရှိလှပေသည်။ ယနေ့ သနပ်ပင်မြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့သို့ ခရီးဆက်ရမည်ဖြစ်ရာ နံနက်စောစော သနပ်ပင်မြို့နယ်သို့ ပထမခရီးစဉ်အဖြစ် သတင်းအဖွဲ့ထွက်ခွာခဲ့သည်။

လှေလာမြင်တွေ့ခွင့်ရ

ပဲခူးမြို့နှင့်သနပ်ပင်မြို့နယ်မှာ ခုနစ်မိုင်မျှသာဝေးကွာသည်။ ကားလမ်းမှာ ညီညာဖြောင့်ဖြူးသည်ဖြစ်ရာ လမ်းဘေးဝဲယာတစ်လျှောက်မြင်ကွင်းများကို စိတ်တိုင်းကျ လှေလာမြင်တွေ့ခွင့်ရသည်။ ရေပြည့်နေသော လယ်ကွင်းများ၊ ရိတ်သိမ်းနေသော စပါးခင်းများ၊ လုပ်ငန်းခွင်ဝင်ရောက်ရန် ကျွဲနွားများဖြင့် လယ်ကွင်းများဆီ ဦးတည်သွားလာနေသူများကို မြင်တွေ့ရသည်။ စာမျက်နှာ ၉ ကော်လံ ၁ ●

၂၀၀၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ၂၀၀၇ ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆု

ဝတ္ထုရှည်ဆုတွင် ပထမဆုကို သုသိဏ်၏ ''**မြမြစ်နဒီ**''က လည်းကောင်း၊ ဒုတိယဆုကို မင်းဇေဒါ (ပွင့်ဖြူ)၏ ''**ရင်မှာဖြစ်သည့် ချစ်ခြင်းတစ်သစ္စာ**''က လည်းကောင်း၊ တတိယဆုကို မြေလတ်မင်းလွင်၏''**ချိုသောဘဝ လှသောပင်လယ်**''က လည်းကောင်း ရရှိကြသည်။ စာမျက်နှာ ၁၁ ကော်လံ ၃ ■